ဝကုန်းကျေးရွာ

ထားဝယ်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၅ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဝကုန်းကျေးရွာ၊ ထားဝယ်မြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


| | |
|---|---|
| မာတိကာ | ၁ |
| စကားချီး | ၄ |
| ဝကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ထားဝယ်မြို့နယ် | ၆ |
| **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** | **၇** |
| (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၇ |
| (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက် | |
| (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | |
| (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ | ၉ |
| (က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား | |
| (ခ) သဘာဝအရင်းအမြစ်များ | |
| (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ | ၉ |
| (က) လူဦးရေဆိုင်ရာ အချက်အလက်များ | |
| (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | |
| (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | |
| (ဃ) ကျန်းမာရေးနှင့် အာဟာရ | |
| (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ | |
| (စ) ကျားမဆိုင်ရာ ဆက်နွယ်မှု | |
| (၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ | ၁၂ |
| (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် | |
| (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ | |
| (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | |
| (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု | |
| (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | |
| (ဆ) လူငယ်နှင့် ယဉ်ကျေးမှု | |
| (ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး | |
| (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး | |
| (၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ | ၁၆ |
| (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ | |
| (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ | |
| (၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ | ၁၈ |

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၀

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၁
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
( ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
( ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၆

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၈
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
( ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
( ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
( ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
( ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၂
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မူခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၃
ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၇

ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း ၇၂

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၇၃

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ ၇၃

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ဝကုန်းကျေးရွာ၏ ကျေးရွာသူကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ထားဝယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ထားဝယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ထားဝယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာန

များ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံချက်တွင် အပိုင်း(၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်း အရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဝကုန်းကျေးရွာ

ထားဝယ်မြို့နယ်

## ဝကုန်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ထားဝယ်မြို့နယ်



**ရည်ညွှန်း** - ဝကုန်းကျေးရွာ၊ ဝကုန်းကျေးရွာအုပ်စု၊ ထားဝယ်မြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁ - ၂ ရက်)

# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

## (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

## (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေး စားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်း အချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက် မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့် သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင် ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ပထဝီဝင်အနေအထားအရ တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာပြည်၏ တောင်ဘက် အကျဆုံး တိုင်းဒေသကြီး တစ်ခုဖြစ်ပြီး မြောက်ဘက်တွင် မွန်ပြည်နယ်၊ တောင်ဘက်တွင် တနင်္သာရီ တိုင်းဒေသကြီး၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသော ဒေသတစ်ခု ဖြစ်ပါသည်။ ထားဝယ်မြို့သည် တနင်္သာရီတိုင်းဒေသကြီး၏ မြောက်ဘက်ပိုင်းတွင် တည်ရှိပြီး ရေဖြူ မြို့၊ သရက်ချောင်းမြို့နှင့် လောင်းလုံမြို့များဖြင့် ထိစပ်လျှက်ရှိပြီး ရန်ကုန်- ကော့သောင်း ကားလမ်း၊ ထားဝယ်-ထီးခီး နယ်စပ်ဆက်သွယ်လမ်းတို့နှင့် ဆက်သွယ်ထားပါသည်။

ထားဝယ်မြို့နယ်၏ (၂၀၁၅) ခုနှစ်အတွင်း မိုးရွာရက်ပေါင်း (၁၄၅) ရက်နှင့် မိုးရေချိန်မှာ (၁၈၉.၇၂) လက်မအထိ ဖြစ်ပါသည်။ အပူပိုင်း မုတ်သုံရာသီဥတုကို ဖြစ်ပြီး တစ်နှစ်ပျမ်းမျှ အပူချိန် မှာ (၂၇) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။

ဝကုန်းကျေးရွာသည် ပထဝီဝင် အနေအထားအရ မြေပြန့်ဒေသ ဖြစ်ပါသည်။ ဝကုန်းကျေးရွာ အုပ်စုတွင် ပါဝင်ပါသည်။ ထားဝယ် - ထီးခီး ကားလမ်းနံဘေးတွင် တည်ရှိပြီး ထားဝယ်မြို့မှ (၂၃) မိုင်ခန့် ကွာဝေးပါသည်။ ပတ်ဝန်းကျင်ကျေးရွာများမှာ သင်္ကန်းတုံး၊ နှစ်ဆယ့်သုံးမိုင်၊ ဘဝပင်၊ ကျောက်မဲတောင်တို့ ဖြစ်ပါသည်။ ဝကုန်းကျေးရွာသည် ဥယျာဉ်ခြံနှင့် ရော်ဘာခြံလုပ်ငန်းကို အဓိက ထား လုပ်ကိုင်သော ကျေးရွာတစ်ရွာလည်း ဖြစ်သည်။

### (ခ) သဘာဝအရင်းအမြစ်များ

ဝကုန်းကျေးရွာ သည် ခဲမဖြူ၊ အဖြိုက်နက် ထုတ်လုပ်သော သတ္တုတွင်းများနှင့် နီးစပ်ပြီး ရွာနံဘေးရှိ ချောင်းတွင် သတ္တုကျင်ယူ ရရှိပါသည်။ အခြားသဘာဝအရင်းအမြစ်များဖြစ်သည့် တော တိရစ္ဆာန်မျိုးစိတ်များ (ဆတ်၊ ချေ၊ တောဝက်) မှာလည်း လူနေအိမ်များထူထပ်လာခြင်းနှင့် တောတောင်များ ခုတ်ထွင် ရှင်းလင်း၍ ရော်ဘာများစိုက်ပျိုးလာခြင်းများကြောင့် ရှေ့ယခင်ကာလများ ကဲ့သို့ ရရှိရန် မလွယ်ကူ တော့ပေ။ ဆေးဖက်ဝင် အပင်များဖြစ်သည့် ရဲယိုနှင့် ခွေးသေးပန်းပင်များ လည်း ပေါက်ရောက်သည့်အတွက် ရွာသူရွာသားများအတွက် တခါတရံ ဖြစ်ပွားလေ့ရှိသည့် အနာစိမ်းနှင့် ဖျားနာစသည့် ရောဂါများကို အချိန်မီ ကုသနိုင်၍ ကျန်းမာရေးကုန်ကျစရိတ်ကို သက်သာစေပါသည်။

## (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

### (က) လူဦးရေဆိုင်ရာ အချက်အလက်များ

ဝကုန်းကျေးရွာတွင် အိမ်ခြေပေါင်း (၁၂၃) အိမ်ရှိပြီး၊ လူဦးရေ စုစုပေါင်း (၅၁၀) ဦး ရှိပါ သည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၁၄) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းနှင့် နှိုင်းယှဉ်လျှင် လျော့နည်းနေပါသည်။ သို့ရာတွင် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေမှာ (၅၈.၄၃) % ရှိသောကြောင့် လူသား

အရင်းအမြစ်များအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုများ ပေးနိုင်ပါသည်။

အခြေခံပညာအဆင့်နှင့် တက္ကသိုလ်အဆင့် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသားအရေအတွက်သည် စုစုပေါင်းလူဦးရေ၏ (၃၄%) ခန့် ရှိခြင်းကြောင့် ပညာရေးတိုးတက်ဖွံ့ဖြိုးရန်အတွက် ရွာသူရွာသားများ ရင်းနှီးမြှုပ်နှံနိုင်မည်ဆိုလျှင် မကြာမီကာလများတွင် ပညာဗဟုသုတကို အခြေခံသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အားကိုးအားထား ပြုလာနိုင်မည့် ကျေးရွာ ဖြစ်ပါသည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်းအရ ကျေးရွာအိမ်ထောင်စု၏ (၈၀) ရာခိုင်နှုန်းကျော်မှာ ဆင်းရဲသား အိမ်ထောင်စုများ ဖြစ်ကြပါသည်။ အဆင်ပြေသော အိမ်ထောင်စု (၇) အိမ်သာ ရှိပြီး ဥယျာဉ်ခြံ (၁၀) ဧက အထက် ပိုင်ဆိုင်သူများဖြစ်ကြသည်။ အိမ်အနေအထားမှာလည်း ပျဉ်ကာ၊ ပျဉ်ခင်း၊ သွပ်မိုး နှစ်အိမ်၊ အိမ်ကြီး တိုက်အိမ်ဖြစ်ပြီး ဥယျာဉ်လုပ်ငန်းသုံး ကိရိယာ (မြက်ရိတ်စက်)၊ ကား၊ သုံးဘီးဆိုင်ကယ်၊ မော်တော်ဆိုင်ကယ် စသည်တို့ကို ပိုင်ဆိုင်ကြပြီး ကုန်စုံဆိုင် (ကြီး) များ ဖွင့်လှစ် လုပ်ကိုင်ကြသူများ ဖြစ်ကြသည်။ အလယ်အလတ်အဆင့်ရှိသော (၁၇) အိမ်ထောင်စုမှာ ဥယျာဉ် (၅ - ၁၀) ဧက ကြား ပိုင်ဆိုင်ကြပြီး အိမ်အခြေအနေ အများစုမှာ ပျဉ်ကာ၊ ပျဉ်ခင်း၊ ဓနိမိုးများ ဖြစ်ကြသည်။ အများစုမှာ မော်တော်ဆိုင်ကယ်၊ ဥယျာဉ်လုပ်ငန်းသုံးကိရိယာ (မြက်ရိတ်စက်) စသည်တို့ ရှိကြပြီး အချို့မှာ ကုန်စုံဆိုင် (လတ်) များ ဖွင့်ထားကြသည်။

ဆင်းရဲသော အိမ်ထာင်စုများမှာ ဥယျာဉ်ခြံမြေ (၃-၅) ဧက ပိုင်ဆိုင်ကြပြီး ကျေးရွာအိမ်ထောင်စု၏ (၄၃.၉) ရာခိုင်နှုန်း ဖြစ်သည်။ အိမ်အခြေအနေမှာ ပျဉ်ခင်း၊ ဓနိမိုး၊ ဓနိကာများ ဖြစ်ကြသည်။ မော်တော်ဆိုင်ကယ် တစ်စီးစီ အနည်းဆုံးရှိပြီး အနည်းစုမှာ ကုန်စုံဆိုင် (ငယ်) များ ရောင်းချသူများ ဖြစ်ကြသည်။ အလွန်ဆင်းရဲသော အိမ်ထောင်စုများမှာ (၄၅) အိမ်ရှိပြီး တစ်ရွာလုံးအိမ် ထောင်စု၏ (၃၆.၅၉) ရာခိုင်နှုန်း ဖြစ်ပါသည်။ အနည်းစုမှာ ဥယျာဉ်ခြံမြေ (၃) ဧကအောက် ပိုင်ဆိုင်ကြပြီး၊ အများစုမှာ မြေယာမပိုင်ဆိုင်ကြဘဲ ကျပန်းလုပ်ငန်းကို လုပ်ကိုင်ကြသူများ ဖြစ်ကြသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျေးရွာတွင်းရှိ ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု (၉၉) ရှိသည့်အနက် (၈၃) အိမ်ထောင်စုမှာ (၃) လအောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပြီး၊ (၁၄) အိမ်ထောင်စုမှာ (၃) လနှင့် (၅) လ အထိ ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ကြပါသည်။ အိမ်ထောင်စု အများစုမှာ ဥယျာဉ်ခြံလုပ်ငန်းကို အဓိက လုပ်ကိုင်ကြသောကြောင့် ဆန်ကိုအပြင်မှ ဝယ်စားကြရပါသည်။ မြေယာမဲ့ ကျပန်းသမားများမှာ အခြားသော အချိန်များတွင်မူ ဈေးကြွေးယူခြင်း၊ အတိုးဖြင့်ငွေချေးခြင်း၊ အခြားဒေသများသို့ သွားရောက်အလုပ်လုပ်ကိုင်သူတို့ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေကြရပါသည်။

ဝကုန်းကျေးရွာ၏ ထိခိုက်လွယ်မှု ဖြစ်နိုင်ချေ အများဆုံးအခြေအနေမှာ အခြားဒေသများသို့ သွားရောက် လုပ်ကိုင်ရသဖြင့် ရောဂါကူးစက်မှု ခံရနိုင်ခြေရှိခြင်း၊ တောတောင်များအနီးတွင် ရှိသောကြောင့် အိမ်ထောင်စု အားလုံးနီးပါး ငှက်ဖျားရောဂါရှိခြင်းတို့ ဖြစ်ကြသည်။ သစ်တောပြုန်းတီးခြင်းနှင့် စိုက်ပျိုးနိုင်သည့်မြေများ ရှားပါးလာခြင်းသည်လည်း နောင်အနာဂတ်တွင် စိုးရိမ်ဖွယ်ရာ အချက်ပင် ဖြစ်သည်။ ထိုင်းနယ်စပ် ထားဝယ်-ထီးခီးလမ်းပေါ်တွင် တည်ရှိပြီး လူကုန်ကူးခြင်း ဖြစ်ပွားမှု ရာခိုင်နှုန်း မြင့်မားနိုင်သည့် ဒေသတွင် ပါဝင်ပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင်းတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်း (ခွဲ) ရှိ၍ ကြီးကြပ် (၁) တစ်ဦး၊ အငြိမ်းစားသူနာပြုတစ်ဦး တစ်ဦးရှိပါသည်။ (၃) မိုင်ခန့်အကွာတွင် ဘဝပင် ကျေးရွာတည်ရှိပြီး သားဖွားဆရာမ ရှိသည်။ ထိခိုက်၊ ရှနာ၊ နာဖျား၊ မွေးဖွားကိစ္စရပ်အားလုံးကို ကျေးရွာအတွင်းတွင်ပင် လုပ်ဆောင်ပေးနိုင်သည်။ ပြင်းထန်သော ရောဂါများအတွက်မူ ထားဝယ်မြို့နယ်ရှိ ပြည်သူ့ဆေးရုံသို့သာ အသွားများ ကြပါသည်။ ကျေးရွာတွင် ယင်လုံအိမ်သာသုံးစွဲသော အိမ်ထောင်စု (၉၀) စုသာ ရှိ၍ အိမ်ထောင်စုအားလုံး ယင်လုံအိမ်သာ သုံးစွဲနိုင်ရန် အသိပညာပေး ဆွေးနွေးခြင်း၊ စရိတ်နည်းသောယင်လုံအိမ်သာများ ဆောက်လုပ်နည်းစနစ်များ ရရှိရန် လိုအပ်နေပါသည်။ စမ်းချောင်းမှတဆင့် အိမ်များအား သွယ်တန်းပေးထားသည့်အတွက် သောက်သုံးရေ လုံလောက်မှု ရှိနေပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ဝကုန်းကျေးရွာတွင် စာတတ်မြောက်မှုမှာ (၉၈) ရာခိုင်နှုန်းခန့်ရှိပြီး အားလုံးနီးပါး မူလတန်းပညာ သင်ကြားခဲ့ကြရသည်။ ရှေးကာလများစွာက နယ်မြေအေးချမ်းမှုမရှိခြင်းကြောင့် အလယ်တန်းနှင့် အထက်တန်းအထိ ပညာသင်ကြားခဲ့ရသူ အရေအတွက်မှာ လွန်စွာ နည်းပါးခဲ့ပါသည်။ ယခုအခါ အထက်တန်းအဆင့်တွင် (၃) ဦး၊ တက္ကသိုလ်တက် ရောက်နေသူ (၁) ဦးနှင့် ဘွဲ့ရဦးရေ (၄) ဦးအထိ ရှိလာပြီ ဖြစ်ပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးလုပ်ငန်းတွင် ကွမ်းသီးပင်ကို အဓိကအားထားစိုက်ပျိုးပြီး မိမိတို့ ကျေးရွာနှင့် ကိုက်ညီဖြစ်ထွန်းသောကြောင့် အထူးတလည် ဂရုစိုက်ပြုစုစောင့်ရှောက်စရာမလို၍ ဆင်းရဲသား တောင်သူများအတွက် ဝင်ငွေရသီးနှံ တစ်ခုလည်းဖြစ်သည်။ ဝကုန်းကျေးရွာတွင် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းကို မလုပ်ကိုင်ကြပဲ တစ်နိုင်တစ်ပိုင်သာ မွေးမြူကြသော အိမ်ထောင်စုများသာ ရှိပါသည်။ ဒေသကြက်ကိုသာ အဓိကမွေးမြူကြသောကြောင့် တိုးချဲ့မွေးမြူပါက နွမ်းပါးသော မိသားစုများ ဝမ်းစာဖူလုံပြီး ဝင်ငွေတိုးနိုင်ပါသည်။ ငွေကြေးအရင်းအနှီးများ လက်လှမ်းမီလာရန်နှင့် မိမိတို့ကျေးရွာဝန်းကျင် ဈေးကွက်များနှင့် ချိန်ဆလုပ်ကိုင်နိုင်မည့် အသိပညာများ၊ မွေးမြူရေး အသိပညာများ ဆက်လက်လေ့လာရန် လိုအပ်အုံးမည် ဖြစ်ပါသည်။

## (စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

ဝကုန်းကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေမှာ အမျိုးသားဦးရေထက် ပိုမိုပါသည်။ အမျိုးသမီးတစ်ဦးလျှင် လုပ်အားခအဖြစ် တစ်နေ့လျှင် (၅,၀၀၀) ကျပ်နှင့် အမျိုးသား

တစ်ဦးလျှင် (၈,၀၀၀) ကျပ် ရရှိကြပါသည်။ ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း ပညာရေး အဆင့်အလိုက်တွင် အမျိုးသမီးဦးရေမှာ ပိုမိုများပြားပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေး ဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးကြီးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့တို့တွင် အမျိုးသမီးများသာလျှင် ဦးဆောင်ပါဝင်ကြပါသည်။ သို့သော်လည်း ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင်မူ အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အားနည်းနေဆဲ ဖြစ်ပါသည်။

## (၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူ ပြုနိုင်ပါသည်။

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ဝကုန်းကျေးရွာ၏ ဘာသာရေး၊ သာရေး/နာရေး၊ ပညာရေး၊ ဘေးကင်းလုံခြုံရေး တို့အတွက် ရည်ရွယ်၍ လူငယ်ပရဟိတအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ မိဘဆရာအသင်း၊ ကျေးရွာပိုင်ဆိုင်မှု များနှင့် လုံခြုံဖွံ့ဖြိုးရေးကော်မတီ၊ မိခင်/ကလေး၊ အမျိုးသမီးရေးရာအဖွဲ့၊ စသည်ဖြင့် ဖွဲ့စည်းထားသော်လည်း အဖွဲ့အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှု အားနည်းလျက် ရှိပါသည်။ စာရင်းဇယားမှတ်တမ်းမှတ်ရာ ထားရှိမှုမှာလည်း အလွန်အားနည်းလှပါသည်။ ယခုအခါတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ် ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာ ဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

မြေပိုင်ဆိုင်သူ အိမ်ထောင်စုသည် စုစုပေါင်း အိမ်ထောင်စု၏ (၇၀) ရာခိုင်နှုန်းခန့် ရှိ၍ ဥယျာဉ်ခြံစိုက်ပျိုးခြင်းကို အဓိကထားလုပ်ကိုင်သည့် ကျေးရွာဟု ဆိုရမည် ဖြစ်ပါသည်။ တောင်သူကြီးနှင့် တောင်သူလတ်များသည် ကွမ်းသီးနှင့် ရော်ဘာကို ကေကျယ်ကျယ် စိုက်ပျိုးကြပါသည်။ ကွမ်းသီးမှာ ဒေသနှင့်သင့်တော်ပြီး သွင်းအားစုလိုအပ်ချက်မှာ သက်သာသည့်အပြင် ပိုးမွှားရောဂါ ကျရောက်မှု မရှိသလောက် နည်းပါးပါသည်။ မိရိုးဖလာစိုက်စနစ်များကိုသာ ကျင့်သုံးနေဆဲဖြစ်သဖြင့် တစ်ဧကပျမ်းမျှအပင် (၆၀၀) တွင် ပျမ်းမျှ (၁၇၅) ပိဿာခန့်သာ ထွက်ရှိပါသည်။ ဝကုန်းကျေးရွာသည် ဒေသအတွင်း၌ အရည်အသွေးကောင်းမွန်သည့် ကွမ်းသီးအထွက်ကောင်းမျိုးများ ထွက်ရှိရာ အမည်ကျော်ကြားသည့်ကျေးရွာဖြစ်၍ ကွမ်းသီးရောင်းချမှုအပြင် ပျိုးပင်ရောင်းချမှုမှလည်း ဝင်ငွေရရှိသည့် တောင်သူကြီးများလည်း ရှိကြပါသည်။

ရော်ဘာစိုက်ပျိုးဧရိယာ အားလုံး၏ (၃၀) ရာခိုင်နှုန်းခန့်သာ ဖူးဆက်အပင်မျိုး စိုက်ပျိုး

ကြပြီး ကျန်သော (၇၀) ရာခိုင်နှုန်းခန့်မှာ အစေ့စိုက် (အရိုင်း) ပင်များ ဖြစ်ပါသည်။ ရော်ဘာစိုက်ပျိုး ထုတ်လုပ်မှုကို လွန်ခဲ့သော (၅) နှစ် ခန့်မှသာ တဖြေးဖြေး ချဲ့ထွင်စိုက်ပျိုးလာခဲ့ရာ အစေး ထုတ်လုပ်ရမည့်အချိန်တွင် ရော်ဘာဈေးနှုန်း ကျဆင်းသည့်အချိန်နှင့် တိုက်ဆိုင်နေသဖြင့် လက်ရှိအချိန်တွင် (၅.၀၀) ဧက ခြံတစ်ခြံသာ ထုတ်လုပ်လျှက်ရှိပါသည်။ ဈေးနှုန်းနှင့် လုပ်သားခ အကျိုးအမြတ် တွက်ချေကိုက်မှု မရှိ၍ ခြံပိုင်ရှင်များနှင့် ၎င်းခြံများမှ အစေးခြစ်လုပ်ငန်းများအပေါ် မှီခိုအားထားနေရသည့် ဆင်းရဲသားမြေယာမဲ့များ၏ ဝင်ငွေ အခွင့်အလမ်းအားလည်း ထိခိုက်မှု ဖြစ်စေခဲ့ပါသည်။

ဝကုန်းကျေးရွာတွင် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းကို မလုပ်ကိုင်ကြပဲ ကြက်၊ ဘဲ ဆိတ် စသည်တို့ကို တစ်နိုင်တစ်ပိုင်သာ မွေးမြူကြသော အိမ်ထောင်စုအနည်းငယ်မျှသာ ရှိပါသည်။ ရိုးရာ ဓလေ့အရနှင့် စားသုံးသူ နည်းပါးသောကြောင့် ဝက်မွေးသော အိမ်ထောင်စုမရှိပါ။ တိရစ္ဆာန်ရောဂါ ကျရောက်မှုနှင့် ပက်သက်သော ဗဟုသုတနှင့် နည်းပညာ မသိခြင်းကြောင့် ဆုံးရှုံးပျက်စီးမှုများရှိပါသည်။ ချေးငွေအစီအစဉ်၊ နည်းပညာဝန်ဆောင်မှုနှင့် သင်တန်းများ ပံ့ပိုးပေးပါက စီးပွားဖြစ် မွေးမြူရေး လုပ်ကိုင်လိုသော အိမ်ထောင်စုများအတွက် အထောက်အကူပြုနိုင်ပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ဝကုန်းကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်ဘဲ အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများမှာ အိမ်ဆိုင်၊ မုန့်ဟင်းခါး၊ ခေါက်ဆွဲ၊ မုန့်လက်သုပ်ဆိုင်၊ အပ်ချုပ်ဆိုင်၊ လက်သမား/ ပန်းရံ၊ ဆိုင်ကယ်ပြင်၊ သီးနှံကုန်သည် စသည့် လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ပန်းရံဆရာ တစ်ဦး မှာလည်း နွေရာသီတွင်သာ အလုပ်အကိုင်ရရှိ၍ ကျန်သည့်အချိန်များတွင် အလုပ်မရှိပေ။ ကျပန်းလုပ်သားများမှာ အများအားဖြင့် သတ္တုတွင်းများနှင့် ဥယျာဉ်ခြံများတွင် လုပ်ကိုင်ကြပါသည်။ အမျိုးသားတစ်ဦး တစ်နေ့ လုပ်အားခမှာ (၅၀၀၀-၈၀၀၀) ကျပ် ဖြစ်ပြီး အမျိုးသမီးတစ်ဦးမှာ (၄၀၀၀-၅၀၀၀) ကျပ် ဖြစ်ပါသည်။ အလုပ်အကိုင်ရှားပါးသည့် ကာလမှာ တစ်နှစ်လျှင် (၅) လခန့်ရှိ၍ စားဝတ်နေရေးအတွက် နိုင်ငံရပ်ခြားသို့ သွားရောက်လုပ်ကိုင်နေသည့် မိသားစုဝင်များ၏ ပြန်ပို့ငွေများကို မှီခိုအားထား ရပါသည်။

ဒေသမှမည်သည့်ထုတ်ကုန်မျှ ထုတ်လုပ်မှု မရှိခြင်းနှင့် ဈေးကွက်ဆိုင်ရာ ချိတ်ဆက်မှု အားနည်းခြင်း၊ အသက်မွေးဝမ်းကျောင်းပညာများ လက်လှမ်းမီမှု အားနည်းခြင်း၊ မိရိုးဖလာ ကျပန်းအလုပ်ကိုသာ အာရုံစိုက်၍ လုပ်ကိုင်ကြခြင်း၊ လုပ်ငန်းအပေါ်မူတည်၍ ထုတ်ချေးပေးသည့် ချေးငွေပမာဏနှင့် ပြန်လည်ပေးဆပ်သည့် ပုံစံကို သတ်မှတ်သည့် ချေးငွေမရှိခြင်းတို့ကြောင့် စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ ဖြစ်နေပါသည်။

## (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

သဘာဝဘေးအန္တရာယ်အဖြစ် ထူးထူးခြားခြား ကြုံတွေ့ခဲ့ရခြင်း မရှိပေ။ စမ်းချောင်းရေများ တွင် ဓာတ်သတ္တု (ခဲမဖြူ၊ အဖြိုက်နက်) တွင်းများမှ အညစ်အကြေးများ၊ ဓာတုပစ္စည်းများ ပါဝင်နေသည်ဟု ယူဆလျှက် အသုံးမပြုကြပေ။ ဘေးကင်းလုံခြုံရေးအတွက် မည်သည့်အဖွဲ့ မည်သည့်ဌာနမှ

သင်တန်းပေးခြင်း ကြိုတင် စီမံပေးခြင်း မရှိပါ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် အတွက် ရေဒီယို၊ တီဗွီတို့မှ သိရှိရပါသည်။ ကျန်းမာရေးအာမခံ၊ မီးအာမခံ၊ အသက်အာမခံ စသည့် လုပ်ငန်းများမှာ ထားဝယ်မြို့တွင်ပင် လက်လှမ်းမီမှု မရှိသေးပါ။ ရဲစခန်းမှာလည်း ထားဝယ်မြို့ တွင်ပင် ရှိသဖြင့် ဆက်သွယ်မှု ရရှိရန် အလှမ်းဝေးနေပါသည်။

**(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာအတွင်း၌ ချေးယူနိုင်ပြီး အတိုးနှုန်းမှာ (၅-၁၀%) အထိဖြစ် ပါသည်။ အပေါင်ခံ ပစ္စည်း မလိုအပ်ပါ။ ဆင်းရဲသားများအတွက် ချေးယူမှု မလွယ်ကူပါ။ ပြန်လည်ပေးဆပ်ရန် ကာလမှာ သတ်သတ် မှတ်မှတ် မရှိပါ။ ထားဝယ်၌ ပုဂ္ဂလိကငွေချေးသူများထံတွင် ရွှေပေါင်လျှင် ၂% အတိုးဖြစ် ပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး**

ဝကုန်းကျေးရွာတွင် စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ (၉၀) ရာခိုင်နှုန်းကျော် ရှိပါသည်။ ဝကုန်း အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်း ဆရာမ (၅) ဦး၊ ကျောင်းသား (၁၀၁) ဦး ရှိပါသည်။ စာသင်ကျောင်းအတွက် သောက်သုံးရေကို စိမ့်စမ်းရေသွယ်စနစ်ဖြင့် (၁) မိုင်ခွဲအကွာမှ ရရှိပြီး တစ်နှစ်ပတ်လုံး လုံလောက်မှုရှိပါသည်။ ကျောင်းအိမ်သာ (၂) လုံးတွဲ (၄) ခန်းမှာ ကောင်းမွန် ပြီး ကျောင်းသားဦးရေနှင့် လုံလောက်မှု ရှိပါသည်။ မူကြိုကျောင်းအတွက် အခြေခံမူလတန်း ကျောင်းမှ ဆရာမ (၂) ဦးမှ တာဝန်ယူပြီး သင်ကြားပေးသည်။ မိဘဆရာအသင်းသည် ကျောင်း ကော်မတီနှင့်ပူးပေါင်း၍ ကျောင်းပရိဘောဂ အစရှိသည့် စာသင်ကျောင်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း၊ မိဘဆရာ နှစ်ပတ်လည် အစည်းအဝေး ပြုလုပ်ခြင်း၊ ဆုပေးပွဲကို ဦးဆောင် ခြင်း စသည်ဖြင့် ဆောင်ရွက်နေပါသည်။ ကျေးရွာမှ မူလတန်း အောင်မြင်ပြီးပါက ၂၃-မိုင်ရွာ အခြေခံ ပညာ အလယ်တန်းကျောင်းနှင့် ထားဝယ်အထက်တန်းကျောင်းတွင် သွားရောက် ပညာသင်ကြား ရပါသည်။ အလယ်တန်းအဆင့် တွင် (၃၆) ဦး၊ အထက်တန်းအဆင့်တွင် (၃) ဦး ဖြစ်ပါသည်။ တက္ကသိုလ် တက်ရောက်နေသူများမှာ (၁) ဦး ဖြစ်ပါသည်။

ကျေးရွာတွင် ငှက်ဖျားရောဂါမှာ အဖြစ်များသဖြင့် ငှက်ဖျားရောဂါကာကွယ်ရေး အစီအစဉ် များကိုလည်း ဖွံ့ဖြိုးရေးအဖွဲ့များမှ ပံ့ပိုးပေးထားပြီး၊ ငှက်ဖျားပိုးလည်း ကျေးရွာတွင်းပင် စစ်ဆေးနိုင် ပါသည်။ ကျေးရွာတွင်း ကျန်းမာရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများကို တစ်နှစ်လျှင် နှစ်ကြိမ် ခန့်ပြုလုပ်သော်လည်း ကျေးရွာသူရွာသားများအနေဖြင့် စိတ်ပါဝင်စားမှုနှင့် အလေးထားမှုအားနည်း ကြပါသည်။ ကျေးရွာတွင်းတွင် ကျေးလက်ကျန်းမာ ရေးဌာနခွဲရှိပြီး ထိခိုက်၊ ရှနာ၊ နာဖျား၊ မီးဖွားကိစ္စရပ်အားလုံးကို ကျေးရွာအတွင်းတွင်ပင် လုပ်ဆောင်ပေးနိုင်သည်။ အသက်အန္တရာယ် သေဆုံးသည့် အရေးပေါ်ကိစ္စရပ်များမရှိပါ။ ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရန် အတွက် သားဆက် ခြားခြင်းကဲ့သို့သော သင်တန်းများကို အိမ်ထောင်သည်များ၊ ကိုယ်ဝန်သည် များအပြင် အရွယ်ရောက်ပြီးသူ အမျိုးသမီးများအား ပေးသင့်ကြောင်း၊ ကလေးသူငယ် ပြုစု စောင့်ရှောက်ရေး ကဲ့သို့သော ဆွေးနွေးပွဲများကိုလည်း ပြုလုပ်ပေးသင့်ကြောင်း အကြံပြုကြပါသည်။

စမ်းချောင်းမှရေကို ရေဖြန့်ဝေသည့်စနစ်ဖြင့် အိမ်တိုင်ရာရောက် အသုံးပြုနိုင်သည်။ World Vision မှ ဂါလံ (၅,၀၀၀) ဆန့် အုတ်ကန် (၂) ခုနှင့် ကိုယ်ထူကိုယ်ထဖြင့် အုတ်ကန် (၂) လုံး ရှိပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေစစ်ကန် (၂) ခုနှင့် ဂါလံ (၅,၀၀၀) ဆန့် တစ်လုံး ဆောက်လုပ်ရန် အစီအစဉ် ရှိပါသည်။ ကျေးရွာရေကော်မတီမှာ ရေပိုက်လိုင်းများအား ကြီးကြပ်မှု အားနည်းကြပြီး ရေရှည်ထိန်းသိမ်းသည့် စနစ်များ မရှိကြချေ။ ယင်လုံအိမ်သာ (၉၀) ကို သုံးစွဲလျှက် ရှိပြီး၊ ကျန်းမာရေးဗဟုသုတအားနည်း၍ ဝင်ငွေနည်းသော အိမ်ထောင်စု (၂၃) စုမှာ ကျင်းအိမ်သာနှင့် (၇) စုမှာ တောထိုင် ကြပါသည်။ ဝကုန်း အိမ်ထောင်စုအားလုံး ယင်လုံအိမ်သာ သုံးစွဲအသုံးပြုနိုင်ရန်နှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။

### (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များမှာ ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှုရေးပွဲများ၊ ဘာသာရေးပွဲများတွင် တက်ကြွစွာဖြင့် ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြ ပါသည်။ လူငယ်တို့အတွက် သီးသန့်ပြုလုပ် ပေးသော ပွဲများမရှိပါ။ ယဉ်ကျေးလိမ္မာ သင်တန်းများ ပို့ချပေးလျှက် ရှိပါသည်။ ကျေးရွာဘောလုံးကွင်း ပြုလုပ်ထားသော်လည်း ရေတိုက်စားခြင်းကြောင့် ပျက်စီးလျှက် ရှိနေပါသည်။ စာကြည့်တိုက်၊ အင်တာနက်၊ သတင်းစာ၊ ဂျာနယ် စသည်တို့နှင့် လက်လှမ်းမီမှု မရှိပေ။

### (ဇ) အခြေခံ အဆောက်အဦများ လက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာမှာ ထားဝယ်-ထီခီး ကားလမ်းမ နံဘေးတွင် တည်ရှိသဖြင့် ချဉ်းကပ်လမ်းအတွက် ပြဿနာ မရှိလှပါ။ ဒေသထွက်ကုန်ပစ္စည်းများကို ထားဝယ်မြို့သို့ တင်ပို့ရောင်းချရန်နှင့် သွားလာရေးအတွက် ကားလမ်းကိုသာ အားထားပြီး၊ ကျေးရွာထွက်ကုန်ပစ္စည်းများ သယ်ယူရန် ထော်လာဂျီ၊ ဆိုင်ကယ်၊ ကားစသည်တို့ကို အသုံးပြုပါသည်။ ရွာတွင်းလမ်းသွယ် (၄) လမ်းမှာ မြေနီလမ်းများ ဖြစ်ကြပြီး၊ ကား၊ ဆိုင်ကယ်များ သွားလာရန် ခက်ခဲမှုရှိပြီး မိုးရာသီ၌ အလွန်ဆိုးရွား ပါသည်။ ရပ်ကွက် (၁) နှင့် ရပ်ကွက် (၂) ရှိလမ်းများမှာ ပို၍ဆိုးရွားပါသည်။ ရပ်ကွက် (၃) နှင့် ရပ်ကွက် (၆) ရှိ တံတားများမှာ ပြန်လည်ပြုပြင်ရန် လိုအပ် နေပါသည်။ ထိုတံတားများအား ကားများဖြတ်သန်း သွားလာနိုင်၍ တစ်နှစ်ပတ်လုံး သွားလာနိုင်သော တံတားများ ဖြစ်ပါက ကုန်စည် ရောင်းဝယ်မှု တိုးတက်လာခြင်း၊ ပညာရေး ကောင်းမွန်လာခြင်းနှင့် အရေးပေါ် ကျန်းမာရေး ကိစ္စရပ်များအတွက် များစွာအဆင်ပြေ ချောမွေ့လာနိုင် ပါသည်။

ကျေးရွာအတွင်းရှိ ပုဂ္ဂလိက မီးပေးသူမှ ဒီဇယ်အင်ဂျင်ဖြင့် အိမ် (၂၀) ခန့်ကို လျှပ်စစ်မီးပေး ပါသည်။ ဘုန်းတော်ကြီးကျောင်းမှလည်း အိမ် (၁၀) ခန့်ကို လျှပ်စစ်မီးပေးပါသည်။ ဆိုလာမီးကို အိမ် (၄၀) ခန့် အသုံးပြုပါသည်။ ကျန်အိမ်ထောင်စုများမှာ ဖယောင်တိုင်မီး၊ ဒီဇယ်မီးခွက်များကို အသုံးပြုကြ ပါသည်။

သတင်းအချက်အလက်ကို တီဗွီ၊ ရေဒီယို၊ ဖုန်း (CDMA) တို့မှ ရရှိပါသည်။ သို့ရာတွင် ကျေးရွာ အိမ်ထောင်စု၏ (၁၄) အိမ်ခန့်သာ လက်လှမ်းမီ ပါသည်။ ဆိုလာ၊ ဒီဇယ်အင်ဂျင် မီးသုံးစွဲသူများမှသာ တီဗွီ ကြည့်နိုင်ပြီး CDMA ဖုန်းလိုင်းသာ သုံးစွဲနိုင်သောကြောင့် သတင်း အချက်အလက် ရရှိမှု နည်းပါးပါသည်။ ဖုန်းတာဝါတိုင် ဆောက်ရန် ကမ်းလှမ်းမှု ရှိသော်လည်း ကျေးရွာ ညီညွတ်မှု မရှိ၍ ဆောက်လုပ်ရန် မဖြစ်နိုင်ပါ။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

မိသားစုရွာကဲ့သို့ပင် စည်းစည်းလုံးလုံး နေထိုင်ကြသဖြင့် ပြဿနာ ကြီးကြီးမားမား ဖြစ်လေ့မရှိပါ။ ဘာသာရေး ခေါင်းဆောင်များ၏ ဆုံးမမှု၊ လူကြီးသူမများ၏ ကြီးကြပ်မှုဖြင့် အေးချမ်းသာယာစွာ နေထိုင်ကြပါသည်။ သာမန်သဘောထား မတိုက်ဆိုင်မှုများကြောင့် တင်းမာမှု အနည်းငယ်သာ ရှိပါသည်။ ကြီးကြီးမားမား မှုခင်းဖြစ်ပွားမှု မရှိပါ။

## (၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ဝကုန်းကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေ စုစုပေါင်းမှာ (၂၉၈) ဦးဖြစ်ပြီး ကျေးရွာလူဦးရေ၏ (၅၈.၄၃)% ရှိပါသည်။ အလယ်တန်းပညာရေးအထိပြီးဆုံးသူ တဖြည်းဖြည်း များပြားလာသော်လည်း အထက်တန်းနှင့် အဆင့်မြင့်ပညာများ အတွက်မူ ဝေးလံခြင်းကြောင့် တက်ရောက်နိုင်သူ နည်းပါးရခြင်းဖြစ်ပါသည်။ သို့သော်လည်း ယခင်ကာလများနှင့်ယှဉ်လျှင် မူလတန်းနှင့် အလယ်တန်းပညာပြီးဆုံးသူ တဖြည်းဖြည်းများလာခြင်းကြောင့် အနာဂတ်ကာလတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအား အရင်းအမြစ်များ ရှိနေပါသည်။ ကျေးရွာ၏ အုပ်ချုပ်ရေးကဏ္ဍတွင် လူကြီး၊ လူငယ်လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်း လုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ်ကာလအတွက် အားရဖွယ်ရာပင် ဖြစ်သည်။

ဝကုန်းကျေးရွာတွင် ကွမ်းသီး၊ ရော်ဘာ စသည့် နှစ်ရှည်ပင်များ စိုက်ပျိုးကြရာဒေသနှင့် ကိုက်ညီဖြစ်ထွန်းသောကြောင့် ပိုးမွှား၊ ရောဂါကျရောက်မှု နည်းပါးခြင်းနှင့် သွင်းအားစု ထည့်သွင်းသည့်စရိတ်များ နည်းပါးခြင်းတို့ကလည်း စိုက်ပျိုးရေးနှင့် ပက်သက်၍ ကုန်ကျမှုကို သက်သာစေပါသည်။ ကွမ်းသီးပျိုးပင်များ ထုတ်လုပ်ရောင်းချခြင်းမှ အကျိုးအမြတ်များ ရရှိနေပါသည်။

ဝကုန်းကျေးရွာသည် ထားဝယ်-ထီးခီးကားလမ်းမ နံဘေးတွင် တည်ရှိခြင်းကြောင့် ဒေသထွက်ကုန်များကို ဆိုင်ခင်းရောင်းချခြင်း၊ ဝပ်ရှော့ (ကား)၊ ဆိုင်ကယ်ပြင်ဆိုင်၊ စသည်ဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြုလုပ်နိုင်သဖြင့် အလွှာအသီးသီးအတွက် အကျိုးဖြစ်ထွန်းနိုင်မည့် အခွင့်အလမ်းများဖြစ်ပါသည်။ ၎င်းအပြင် မိမိတို့ဒေသတွင်းပင် လုပ်ကိုင်လိုစိတ် ရှိကြသည့် လူငယ်များ ရှိနေခြင်းကလည်း ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် အင်အားတစ်ခုပင် ဖြစ်သည်။

ယခင်ကာလများနှင့် နှိုင်းယှဉ်လျှင် အလယ်တန်းနှင့် အထက်တန်းပညာ တက်ရောက်မှုအား လက်လှမ်းမီလာခြင်း ကျေးရွာ၏ပညာရေးကဏ္ဍ တိုးတက်လာစေရေးအတွက် အလားအလာကောင်းများဟု ဆိုနိုင်ပေသည်။

ဝကုန်းကျေးရွာတွင် အငြိမ်းစားသားဖွားဆရာမ (၁) ဦးရှိ၍ ကလေးမီးဖွားသည့် ကိစ္စများအတွက် အကူအညီများ ရရှိနိုင်ပြီးလျှင် ကျေးလက်ကျန်းမာရေးဌာန (ခွဲ) ရှိသောကြောင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ ရရှိနေပါသည်။

ဝကုန်းကျေးရွာတွင် သောက်သုံးရေကို စမ်းချောင်းမှတဆင့် ကျေးရွာရှိအိမ်များအား သွယ်တန်းပေးထားလျှက်ရှိသည့်အတွက် သောက်သုံးရေအတွက် အဆင်ပြေမှု ရှိနေပါသည်။ ဝကုန်းကျေးရွာသည် ထားဝယ်-ထီးခီး ကားလမ်းမနံဘေးတွင် တည်ရှိခြင်းကြောင့် အခြားကျေးရွာများနှင့် ဆက်သွယ်သော ချဉ်းကပ်လမ်းများနှင့်တံတားများ အတော်ကောင်းမွန်ပါသည်။ ကျေးရွာရှိ အိမ်ထောင်စုများသည် ဆွေမျိုးမကင်းကြသူများနှင့် နှစ်ရှည်လများ အတူတကွ နေထိုင်လာကြသူများ ဖြစ်ကြပြီး ကြီးကြီးမားမား မှုခင်းများ ဖြစ်ပွားမှု နည်းပါးခြင်းကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်း တစ်ရပ်လည်း ဖြစ်သည်။

## (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဝကုန်းကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာအတွင်းအဖွဲ့များ ရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စုစည်းလုပ်ဆောင်ချက်များတွင် အားနည်းမှု ရှိပါသည်။ ကျေးရွာလူထုအနေဖြင့် မြို့နယ်ရှိ ဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အတွေ့အကြုံနည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့်ဝန်ဆောင်မှုအဖွဲ့များနှင့် အလှမ်းဝေးခြင်း စသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုတစ်ရပ် ဖြစ်သည်။

ဝကုန်းကျေးရွာတွင် ကွမ်းသီးနှင့် ရော်ဘာကို အဓိက စိုက်ပျိုးပြီး သွင်းအားစုများ ထပ်မံထည့်သွင်းရမည့် နည်းပညာများအား ပြောင်းလဲကျင့်သုံးနိုင်ရန် နှောင့်နှေးခြင်း၊ သီးနှံဈေးနှုန်းများကျဆင်းနေခြင်း၊ နှစ်ရှည်သီးနှံများနှင့် ပတ်သက်ပြီး ချေးငွေများ ထုတ်ယူနိုင်မည့် မူဝါဒများသတ်မှတ်နိုင်မှု မရှိသေးခြင်း စသည်တို့ကလည်း သီးနှံကဏ္ဍ တိုးမြှင့်ထုတ်လုပ်မှုကို အဟန့်အတားဖြစ်စေပါသည်။ မွေးမြူရေး နည်းပညာဝန်ဆောင်မှု အကန့်အသတ်ရှိခြင်း၊ မွေးမြူရေးဈေးကွက်သဘောတရားများနှင့် ချိတ်ဆက်မှု ကွင်းဆက်များအား နားလည်မှုမရှိခြင်း စသည်တို့ကလည်း မွေးမြူရေးကဏ္ဍ တိုးတက်မှုအား နှောင့်နှေးစေပါသည်။

အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်မှု အားနည်းခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းအတွက် နီးစပ်ရာကျေးရွာများ၊ အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်ရခြင်း၊ ကုန်ကြမ်းမှကုန်ချောထုတ်လုပ်ရန် နည်းပညာများ မသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန်အတွက် လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် ချေးငွေရရှိရန် အကန့်အသတ်များရှိခြင်း စသည်တို့ကလည်း စိုက်ပျိုး

မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစုများအတွက် လိုအပ်ချက်များ ရှိနေဆဲ ဖြစ်သည်။

ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်းနှင့် လိုက်နာကျင့်သုံးသည့် အလေ့အထများ အားကောင်းလာစေရန် သက်ဆိုင်ရာ ဦးစီးဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။

ကျေးရွာ၏ဓလေ့မှာ ဘွဲ့ရပြီးသူနှင့် လူကြီးများသာ ခေါင်းဆောင်တင်မြှောက်ရန် စဉ်းစားလေ့ရှိသဖြင့် ခေါင်းဆောင်မှုအပိုင်းတွင် စိတ်ပါဝင်စားမှု ရှိသော်လည်း လူငယ်များမှာ နောက်ကျန်နေကြရသည်။ လူငယ်များအား အဖွဲ့အစည်းများအတွင်း လုပ်ကိုင်နိုင်သည့် အရည်အသွေးများမြှင့်တင်ခြင်း၊ လက်တွဲခေါ်ယူ လုပ်ကိုင်စေခြင်းစသည့် နည်းလမ်းများရှိသော်လည်း လူငယ်အများစုသည် တစ်ဖက်နိုင်ငံသို့ သွားရောက်လုပ်ကိုင်သူများခြင်းကြောင့် အခက်အခဲများ ရှိနေမည်ဖြစ်ပါသည်။

## (၆) ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ ဝကုန်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေး ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ယင်းပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ် ထားခဲ့ကြပါသည်။

### (က) ရည်မှန်းချက် ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည် တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်။

(၁) ရွာလူထုသည် စိုက်ပျိုးရေး ထုတ်ကုန်တိုးမြှင့် ထုတ်လုပ်ခြင်း၊ မွေးမြူရေးများ တိုးတက်လုပ်ကိုင်နိုင်ခြင်းဖြင့် ဝင်ငွေတိုးတက် စေရမည်။

(၂) လူငယ်များအား ပညာတတ်မြောက်မှု ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ ကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာစေပြီး စီးပွားရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြှင့် လာရမည်။

(၃) ရွာလူထုသည် ကျေးရွာမီးလင်းရေး ဆောင်ရွက်ပြီး လူနေမှု အဆင့်အတန်း မြင့်မားလာရမည်။

## (ခ) နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(၁) ကျေးရွာရှိ မိရိုးဖလာ စိုက်ပျိုးနည်းများကိုသာ အသုံးပြုနေသော တောင်သူများ၏ ဝင်ငွေ တိုးတက်လာစေရန်အတွက် အထွက်နှုန်းကောင်းသော မျိုးများ အသုံးပြုခြင်း၊ စိုက်ပျိုးနည်းပညာများ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများအတွက် လိုအပ်ချက်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ပါသည်။

(၂) ဒေသအတွင်း ဖြစ်ပေါ်နေသော ရော်ဘာဈေးကွက်ကို နားလည်ပြီး ဈေးကွက်မှ တောင်းဆိုသော အရည်အသွေးကို ထုတ်လုပ်ပေးနိုင်ရန်အတွက် လိုအပ်သော သွင်းအားစုများနှင့် နည်းပညာများ စနစ်တကျ သုံးစွဲနိုင်ရန် မြို့နယ်စက်မှုသီးနှံဦးစီးဌာန၊ ပုလောမြို့နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့နှင့် ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်နေပါသည်။

(၃) လယ်သမားငယ်များနှင့် ကျပန်းမိသားစုများအား မွေးမြူရေးလုပ်ငန်းဖြင့် အပိုဝင်ငွေ ရရှိစေရန် မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အကူအညီဖြင့် တိရစ္ဆာန်ရောဂါ ကာကွယ်ရေး အစီအမံများ လုပ်ဆောင်ခြင်း၊ ကျေးလက်မွေးမြူရေးလုပ်သားများ မွေးထုတ်ပေးခြင်း၊ စနစ်ကျသော ခေတ်မီသော မွေးမြူရေး နည်းပညာသင်တန်းများ ဖြန့်ဝေခြင်းတို့ကို လုပ်ဆောင်ရန် လိုအပ်နေပါသည်။

(၄) ကျေးရွာအတွင်းရှိ လူငယ်များ၏ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်အတွက် ဒေသအတွင်း စက်ရုံအလုပ်ရုံများ တိုးတက်များပြားလာစေရန် ဖိတ်ခေါ်ရန်၊ အသက်မွေးဝမ်းကျောင်း နည်းပညာ သင်တန်းများအတွက် ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ ဈေးကွက်ထိုးဖောက်မည့် အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ရန်၊ ဒေသထွက်ကုန်များ ဈေးနှုန်း ပိုမိုရရှိရန် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်သော နည်းပညာများရရှိရန်နှင့် ချေးငွေလက်လှမ်းမီမှု ရရှိရန် လိုအပ်နေပါသည်။

(၅) ကျေးရွာများတွင် လယ်သမားများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေ အစီအစဉ် ရှိသော်လည်း ဥယျာဉ်ခြံစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာတွင်း အသေးစားလုပ်ငန်း များအတွက် လုံလောက်မှု မရှိသောကြောင့် ကာလရှည်ချေးငွေ ထုတ်ချေးပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်များနှင့် အသေးစား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေပါမည်။

(၆) ကျေးရွာအတွင်း လျှပ်စစ်မီး ရရှိခြင်းဖြင့် အသေးစားလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ပြီး၊ တီဗွီများမှတဆင့် ကျေးရွာလူထုအတွက် ဗဟုသုတများ တိုးတက်လာစေခြင်းစသည့် အကျိုးကျေးဇူးများကြောင့် ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းရန်၊ ထားဝယ်မြို့နယ်ကျေးလက်/ဦးစီးနှင့် ဆက်သွယ် ဆောင်ရွက်ရန် အရေးတကြီး လိုအပ်နေပါသည်။

## (၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြု ဖော်ထုတ်ပေးနိုင်ခဲ့ကြ ပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါ ပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

### (ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

ဝကုန်းကျေးရွာလူထု၏ လိုအပ်ချက် တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြား ဝင်ငွေရ လုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများ ရရှိမှုကလည်း အဓိက ဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံ (ကာလတို ချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် အခြားသီးနှံ (ဥပမာ - ရော်ဘာ၊ ကွမ်းသီး) စိုက်ပျိုးသူ တောင်သူများအတွက် လိုအပ်ချက်များ ရှိနေဆဲ ဖြစ်ပါသည်။ တောင်သူအများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများနှင့် ချိတ်ဆက်လုပ်ဆောင် လိုကြသည်။ ကျေးရွာသူ/သားများ လိုအပ်သော ချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကိုလျှော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့် ပါသည်။

### (ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

ဝကုန်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုးထုတ်လုပ်သူများ၏ ဈေးကွက်ဆိုင်ရာ သဘောသဘာဝများ သိရှိမှု အားနည်းခြင်းနှင့် အရည်အသွေး ကောင်းမွန်သော ထုတ်ကုန်များ ရရှိရေးအတွက် ခေတ်မီသော နည်းပညာများ လိုအပ်ခြင်းပင် ဖြစ်သည်။ ထားဝယ်-ထီးခီး ကားလမ်းမ နံဘေးတွင် ရှိသော အားသာချက်ကို အမှီပြု၍ ဒေသထွက်ကုန်များကို

သင့်တော်သောဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်သဘောတရားများကို နားလည်အောင် နည်းလမ်းပြပေးနိုင်မည့် မြို့နယ်အဆင့်မှ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန နှင့် အခြားသက်ဆိုင်ရာ ဦးစီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြဖေးမမှုများကလည်း အရေးပါ လှပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲ လုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှု အသစ်များအလိုက် စွမ်းဆောင်ရည် မြှင့်တင်ခြင်းများ ဖြင့် ချိတ်ဆက်ရန် လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက် မွေးဝမ်းကျောင်းလုပ်ငန်းများကို ဈေးငွေအစီအစဉ်များဖြင့် ချိတ်ဆက် လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာ တိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည်အသွေး ရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများ ရရှိဆောင် ရွက်ခြင်းကလည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသ တွင်း တစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေ ရရှိမှုကို မြင့်မားလာခြင်း၊ တစ်ဖက်နိုင်ငံများတွင် ရွှေ့ပြောင်း လုပ်ကိုင်နေသူများအား မိမိနေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ တိုးတက် လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင် လုပ်ကိုင်နိုင်ခြင်း စသည်ဖြင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှု တိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေး နှင့် ဆင်းရဲမှုလျော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြု နိုင်ပေမည်။

## (၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက် နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

### (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေး ချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာ ပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး

နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

### (၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်း ဖြစ်ပါသည်။

### (၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

### (၈) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ/သား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

| ကဏ္ဍ /အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက် အခွင့်အလမ်းနှင့် ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***အုပ်ချုပ်ရေး ကဏ္ဍ*** | | | | | |
| ***အုပ်ချုပ်ရေးကဏ္ဍ တိုးတက်မှု*** | ၁။ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်ရေး | ၆၅ | ၈ | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန နှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။<br>• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း။<br>• အလုပ်အမှုဆောင်ကော်မတီများ ဖွဲ့စည်းခြင်း။<br>• ခေါင်းဆောင်မှုနှင့် ငွေကြေး စီမံခန့်ခွဲမှု သင်တန်းများ စီစဉ်ခြင်း။<br>• အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးသင်တန်းများစီစဉ်ခြင်း | • ကျေးလက်/ ဦးစီး |
| ***စိုက်ပျိုးရေး ကဏ္ဍ*** | | | | | |
| **ဈေးကွက်နှင့် နည်းပညာ သင်တန်း** | ၂။ စိုက်ပျိုးထုတ်လုပ်ခြင်းမှ အကျိုးအမြတ် ပိုမိုရရှိလာရေး | ၆၅ | ၉ | • သီးနှံအထွက်တိုး နည်းပညာ သင်တန်းများ။<br>• ဈေးကွက်သဘောတရားနှင့် ပက်သက်သော သင်တန်း။<br>• မြေယာကော်မတီမှ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ | • |
| ***တိရစ္ဆာန် မွေးမြူရေး*** | | | | | |
| **ဈေးကွက်နှင့် နည်းပညာ သင်တန်း** | ၃။ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ များပြားလာရေး | ၆၁ | ၁၀ | • မွေးမြူရေး နည်းပညာ ဝန်ဆောင်မှုနှင့် သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။ | • |
| ***အခြား ဝင်ငွေရ လုပ်ငန်းများ*** | | | | | |
| **သင်တန်း၊ စီးပွားရေး လုပ်ငန်းများနှင့် ချိတ်ဆက်ခြင်း** | ၄။ အလုပ်အကိုင် အခွင့်အလမ်း များပြားလာစေရေး | ၇၄ | ၅ | • အသက်မွေးဝမ်းကျောင်း သင်တန်းများ တက်ရောက်ရန် စီစဉ်ခြင်း။<br>• ဒေသထွက် သီးနှံများအား တာရှည်ခံနည်းပညာဖြင့် ထုတ်လုပ်မှု နည်းပညာများပေးခြင်း။<br>• ကားဝပ်ရှော့၊ ဝရိန်၊ ဆိုင်ကယ်ပြင်၊ စက်ချုပ်၊ မုန့်လုပ်နည်းပညာ သင်တန်းများ ပေးခြင်း။<br>• အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် လုပ်ဆောင်ခြင်း။<br>• အစုအဖွဲ့နှင့် လုပ်ဆောင်သည့် လုပ်ငန်းများကို ပျိုးထောင်ပေးခြင်း။ | • ကျေးလက်/ ဦးစီး |
| ***ဘဏ္ဍာ နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း*** | | | | | |
| **ချေးငွေ လက်လှမ်း** | ၅။ လုံလောက်သော ချေးငွေ ပမာဏအား | ၇၁ | ၇ | • အသက်မွေးဝမ်းကျောင်းလုပ်ငန်းပေါ်မူတည်၍ ထုတ်ချေး ပေးနိုင်မည့် ချေးငွေ | • |

| ကဏ္ဍ /အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက် အခွင့်အလမ်းနှင့် ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **မီးရေး** | သင့်တင့်သောအတိုးနှုန်းဖြင့် ကာလရှည် ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး | | | ဌာနများနှင့် ချိတ်ဆက်ခြင်း။<br>• ချေးငွေအတွက် လိုအပ်သော အထောက်အထားများ ပြင်ဆင်ခြင်း။ | |
| *ပညာရေး* | | | | | |
| **ကလေး ပညာရေး ဖွံ့ဖြိုးရေး** | ၆။ ကျေးရွာ၏ပညာရေးကဏ္ဍ တိုးတက်လာရေး | ၇၁ | ၆ | • မိဘဆရာအသင်းမှ ပြင်ပ အလှူရှင်များ၊ ပညာရေး ဦးစီးဌာနနှင့် ဆက်သွယ်ခြင်း။<br>• ကျောင်း ပရိဘောဂများ ပြုလုပ် ဖြည့်တင်းခြင်း။<br>• ပညာရေးဦးစီးဌာနထံသို့ ကျောင်းဆရာ/ဆရာမ ထပ်မံခန့်ထားရေး တင်ပြတောင်းခံခြင်း။ | • |
| *ကျန်းမာရေး* | | | | | |
| **ကျန်းမာရေး တိုးတက်လာစေရေး** | ၇။ ကျန်းမာရေးအသိပညာများ လက်ခံကျင့်သုံးလာရေးနှင့် ဝန်ဆောင်မှုများ တိုးတက်ရရှိလာရေး | ၇၈ | ၄ | • ကျန်းမာရေးဆိုင်ရာ ဗဟုသုတ ရစေမည့် အသိပညာပေး ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။<br>• ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ အထောက်အကူပြုပစ္စည်းများ တောင်းခံ တင်ပြစေခြင်း။ | • |
| *လမ်းပန်း ဆက်သွယ်ရေး* | | | | | |
| **လမ်း၊ တံတား ကောင်းမွန် လာစေရေး** | ၈။ ကျေးရွာ၏ အခြေခံ အဆောက်အဦ ဆိုင်ရာကဏ္ဍ တိုးတက်ကောင်းမွန် လာရေး | ၉၉ | ၁ | • သံကူကွန်ကရစ်တံတား (၃) စင်း တည်ဆောက်ခြင်း။<br>• ကျေးရွာတွင်း ကျောက်ချောလမ်း (၅) မိုင် ခင်းခြင်း။ | • ကျေးလက်/ ဦးစီး |
| *လျှပ်စစ်ဓာတ်အားသုံးစွဲ ရေး* | | | | | |
| **လျှပ်စစ်မီး ရရှိရေး** | ၉။ကျေးရွာမီးလင်းရေးအတွက် လုပ်ငန်းအကောင်အထည် ဖော်ခြင်းနှင့် ရေရှည်လည်ပတ်ရန် | ၉၁ | ၂ | • ကျေးရွာအိမ်စေ့ ဆိုလာမီးလင်းရေး အကောင်အထည်ဖော်ခြင်း။ | • ကျေးလက်/ ဦးစီး |
| *လူငယ်၊ ယဉ်ကျေးမှုနှင့် အားကစား* | | | | | |
| **လူငယ်များ စွမ်းဆောင်ရည် တိုးတက်လာစေရေး** | ၁၀။ လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး | ၈၀ | ၃ | • ကျေးရွာ လေ့လာသင်ယူရေး စင်တာ / စာကြည့်တိုက် ထူထောင်ခြင်း။ | • ကျေးလက်/ ဦးစီး |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် (Project) | ဦးစားပေး အဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာ၏ အခြေခံအဆောက်အဦဆိုင်ရာ ကဏ္ဍတိုးတက် ကောင်းမွန်လာရေး | ၁ | ✔ | ✔ | | | |
| ၂ | ကျေးရွာမီးလင်းရေးအတွက် လုပ်ငန်းအကောင်အထည်ဖော်ခြင်းနှင့် ရေရှည်လည်ပတ်ရန် | ၂ | ✔ | | | | |
| ၃ | လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး | ၃ | ✔ | ✔ | | | |
| ၄ | ကျန်းမာရေးအသိပညာများ လက်ခံကျင့်သုံးလာရေးနှင့် ဝန်ဆောင်မှုများတိုးတက်ရရှိလာရေး | ၄ | ✔ | ✔ | | | |
| ၅ | အလုပ်အကိုင် အခွင့်အလမ်း များပြားလာစေရေး | ၅ | ✔ | ✔ | | | |
| ၆ | ကျေးရွာ၏ပညာရေးကဏ္ဍ တိုးတက်လာရေး | ၆ | ✔ | ✔ | | | |
| ၇ | လုံလောက်သောချေးငွေပမာဏအားသင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည်ချေးငွေ ပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး | ၇ | ✔ | ✔ | | | |
| ၈ | အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုစွမ်းရည်များ တိုးတက်ရေး | ၈ | ✔ | ✔ | ✔ | | |
| ၉ | စိုက်ပျိုးထုတ်လုပ်ခြင်းမှအကျိုးအမြတ်ပိုမို ရရှိလာရေး | ၉ | ✔ | ✔ | | | |
| ၁၀ | စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ များပြားလာရေး | ၁၀ | | ✔ | ✔ | | |

## (၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်

ဆောင်ရွက်မည့်ပုံစံ နှင့် အစီအစဉ်၊ စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံ အဆောက်အဦကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့ များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ် ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက် များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာ ကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည် ဖော်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်း နမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာ များ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ် ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင် မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက် ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရအသုံးစုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုအထောက်အပံ့ |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ကျေးရွာ၏ အခြေခံအဆောက်အဦ ဆိုင်ရာကဏ္ဍ တိုးတက် ကောင်းမွန်လာရေး | | | | | |
| ၂ | ကျေးရွာမီးလင်းရေးအတွက် လုပ်ငန်း အကောင်အထည်ဖော်ခြင်း နှင့် ရေရှည်လည်ပတ်ရန် | | | | | |
| ၃ | လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး | | | | | |
| ၄ | ကျန်းမာရေးအသိပညာများ လက်ခံ ကျင့်သုံးလာရေးနှင့် ဝန်ဆောင်မှုများ တိုးတက်ရရှိလာရေး | | | | | |

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုအထောက်အပံ့ |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၅ | အလုပ်အကိုင် အခွင့်အလမ်းများပြား လာစေရေး | | | | | |
| ၆ | ကျေးရွာ၏ပညာရေးကဏ္ဍ တိုးတက် လာရေး | | | | | |
| ၇ | လုံလောက်သောချေးငွေပမာဏအားသင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည်ချေးငွေ ပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး | | | | | |
| ၈ | အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုစွမ်းရည်များ တိုးတက်ရေး | | | | | |
| ၉ | စိုက်ပျိုးထုတ်လုပ်ခြင်းမှ အကျိုးအမြတ် ပိုမို ရရှိလာရေး | | | | | |
| ၁၀ | စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများများပြားလာရေး | | | | | |

## (၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင် အကောင်ထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည် ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန် လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီ

များ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ - မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထား သော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ ကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန် သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန် ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာန ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

### (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ် များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံး ပြုခ ကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင် ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ ပမာဏကို ကန့် သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်း ဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည် ဖြင့် ဆောင်ရွက်ပါမည်။

## (၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ဝကုန်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက် နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်း များကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများ တည်ဆောက်ပါမည်။

### (က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက် မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို သုံးလပတ်အစီအစဉ်ဖြင့် ဆောင်ရွက် ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံချက် လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ် ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်း အချက် အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များ သည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ သုံးလပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေး တွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ပါမည်။ သုံးလပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

### (၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့် သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာ နှင့် စီမံကိန်းများ၊

### (၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထားချက် နှင့် နှိုင်းယှဉ်၍)၊
- သုံးလပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် သုံးလပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစု ပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

### (ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်စုံမှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ -

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

### (ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရေး အထောက်အကူပြု ဇယားများ

### ၁။ လူမှုစီးပွားရေး အခြေအနေ

### ၁.၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % | ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ |
|---|---|---|---|---|---|
| ၁ နှစ်အောက် | ၆ | ၃ | ၉ | ၁.၇၇% | နို့စို့အရွယ် |
| ၁ နှစ်မှ ၅နှစ် | ၁၉ | ၂၄ | ၄၃ | ၈.၄၃% | ၅ နှစ်အောက် ကလေးငယ် |
| ၅ နှစ်မှ ၉နှစ် | ၃၄ | ၂၁ | ၅၅ | ၁၀.၇၈% | မူလတန်းကျောင်းသားအရွယ် |
| ၁၀ နှစ်မှ ၁၄နှစ် | ၂၈ | ၃၆ | ၅၇ | ၁၂.၅၅% | အလယ်တန်းကျောင်းသား အရွယ် |
| ၁၅ နှစ်မှ ၆၀ နှစ် | ၁၄၂ | ၁၅၆ | ၂၉၈ | ၅၈.၄၃% | အလုပ်လုပ်နိုင်သည့်အရွယ် |
| ၆၀ နှစ် နှင့်အထက် | ၁၉ | ၂၂ | ၄၁ | ၈.၀၄% | သက်ကြီးရွယ်ကြီး |
| **စုစုပေါင်း** | **၂၄၈** | **၂၆၂** | **၅၁၀** | | |
| **စုစုပေါင်း အိမ်ထောင်စု =၁၂၃** | | **၄.၁၄ ဦး / အိမ်ထောင်စု** | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ဝကုန်း ကျေးရွာတွင် အိမ်ခြေပေါင်း (၁၂၃) အိမ်ရှိပြီး၊ လူဦးရေ စုစုပေါင်း (၅၁၀) ဦးရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၁၄) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသား အဆင့် ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းနှင့် နှိုင်းယှဉ်လျှင် လျော့နည်းနေပါသည်။ သို့ရာတွင် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေမှာ (၅၈.၄၃) % ရှိသောကြောင့် လူသားအရင်းအမြစ်များအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုများ ပေးနိုင်ပါသည်။

### ၁.၂ အလုပ်လုပ်နိုင်သူ အင်အား

ဇယား (၂) လုပ်သားအင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | % | တွဲဖက် အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ***စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈၇ | ၇၀.၇၃ | ၀ | ကွမ်းသီးခြံ၊ ရော်ဘာခြံများ - ၈၇ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီ အလိုက် အလုပ်သမား | ၀ | ၀ | ၁၄ | (မြေကနည်းသော ဆင်းရဲသား အိမ်ထောင်စုများမှာ ကျပန်း လုပ်ငန်းကို ပူးတွဲ လုပ်ကိုင်ကြသည်) |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | % | တွဲဖက် အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၂ | *တိရစ္ဆာန် မွေးမြူရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၃၂ | ဒေသကြက်များကို တစ်နိုင်တစ်ပိုင် မွေးမြူကြသည်။ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီ အလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၃ | *ငါးဖမ်း လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီ အလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၄ | *သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၂.၄၄ | ၀ | သတ္တုတူးဖော်ရေး - ၃ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီ အလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၀.၈၁ | ၀ | အုတ်လုပ်ငန်း - ၁ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီ အလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၆ | *လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီ အလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၇ | *ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၀.၈၁ | ၀ | လက်သမား - ၁ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၄ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၈ | *ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၁.၆၂ | ၀ | ဆိုင်ကယ်ပြင် - ၂ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီ အလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | % | တွဲဖက် အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၉ | *ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၃ | စက်ချုပ်ဆိုင် - ၃ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီ အလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၀ | *လက်လီ-လက်ကား ရောင်းဝယ်ရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၈.၁၀ | ၇ | အိမ်ဆိုင်- ၅၊ မုန့်ဆိုင် - ၄၊ မုန့်ဟင်းခါးဆိုင် - ၂၊ သီးနှံပွဲစား - ၆ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီ အလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၁ | *ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီ အလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၂ | *ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီ အလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၃ | *ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၅ | (အဓိကအလုပ်အကိုင်မှာ စိုက်ပျိုးရေး ဖြစ်ပါသည်)။ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီ အလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၄ | *အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီ အလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | % | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျွမ်း၊ ရာသီ အလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၆ | *ပညာရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျွမ်း၊ ရာသီ အလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၇ | *ကျန်းမာရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျွမ်း၊ ရာသီ အလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၈ | *လူမှုရေး လုပ်ငန်းများ* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျွမ်း၊ ရာသီ အလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၉ | *အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျွမ်း၊ ရာသီ အလိုက် အလုပ်သမား | ၁၉ | ၁၅.၄၅ | ၀ | ကျေးရွာရှိ သတ္တုတွင်းများ၊ ကွမ်းသီးခြံ၊ ရော်ဘာခြံများ၌ အလုပ်လုပ်ကြသည်။ |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၂၀ | *ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျွမ်း၊ ရာသီ အလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| | **စုစုပေါင်း** | **၁၂၃** | **၁၀၀** | **၅၅** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

## ၁.၃ သဘာဝ အရင်းအမြစ်များ

### ၁.၃.၁ စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေး နိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ<br>ယာမြေ<br>ဥယျာဉ်ခြံမြေ<br>(ကွမ်းသီး၊ ရော်ဘာ)<br>အိမ်ခြံဝင်း စိုက်ခင်း<br>ရွှေ့ပြောင်း တောင်ယာ<br>ကိုင်း/ကျွန်းမြေ<br>စားကျက်မြေ<br>ပလပ်မြေ<br>သစ်တောမြေ<br>အခြား | ၆၇၀ | ကောင်း | မရ | မရှိ |
| **စုစုပေါင်း** | ၆၇၀ | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

**မှတ်ချက်**။ ။ ရေရှိသည့် နေရာ အမျိုးအစား - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

စိုက်ပျိုးမြေ အများစုမှာ ဥယျာဉ်ခြံ (ကွမ်းသီး၊ ရော်ဘာ) များ ဖြစ်ကြပြီး မြေဆီလွှာ အရည်အသွေးမှာ ကောင်းမွန်သည်ဟု ဆိုရပါမည်။ စိုက်ပျိုးမြေများသည် ရေသွင်းရန် မလိုအပ်သကဲ့သို့ ရေသွယ် ရယူမည့် ရေအရင်းအမြစ်ကလည်း မရှိပေ။ ကျေးရွာ၏ မြေအများစုမှာ သတ္တုတွင်း ဧရိယာအတွင်း ကျရောက်နေပါသည်။ စိုက်ပျိုးမြေ တိုးချဲ့ရန် အခွင့်အလမ်းမရှိလှပါ။

### ၁.၃.၂ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ)<br>ဓါတ်သတ္တု (ခဲမဖြူ၊ အဖြိုက်နက်) | များ | လွယ် |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရစ္ဆာန်မျိုးစိတ်များ | ကျား၊ ဂက်ဝံ၊ တောဂက်၊ ဂျီ၊ ဆတ်၊ တောင်ဆိတ်၊ တောခွေး | ခက်ခဲ |
| အပင်မျိုးစိတ်များ (နွားစာ၊ ဆေး ဘက်ဝင်အပင်များ) | ဒေသအရ သတ်မှတ်ထားသော ဆေးဘက်ဝင် အပင်များရှိ | လွယ် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ခဲမဖြူ၊ အဖြိုက်နက် ထုတ်လုပ်သော သတ္တုတွင်းများနှင့် နီးစပ်ပြီး ရွာနံဘေးရှိ ချောင်းတွင် သတ္တုကျင်ယူပြီး ရရှိသော ခဲမဖြူများကို အနီးရှိ ကုမ္ပဏီသို့ ရောင်းချပါသည်။

အခြားသဘာဝအရင်းအမြစ်များဖြစ်သည့် တောတိရစ္ဆာန် မျိုးစိတ်များမှာ ဆတ်၊ ချေ၊ တောဝက်များလည်း ရှေ့ယခင်ကာလများကဲ့သို့ ရရှိရန်မလွယ်ကူခြင်းမှာ လူနေအိမ်များထူထပ်လာခြင်းနှင့် တောတောင်များတွင် ခုတ်ထွင်ရှင်းလင်း၍ ရော်ဘာများစိုက်ပျိုးလာခြင်းများကြောင့် ဖြစ်ပါသည်။ ဆေးဖက်ဝင် အပင်များဖြစ်သည့် ရဲယိုနှင့် ခွေးသေးပန်းပင်များလည်း ပေါက်ရောက်သည့်အတွက် ရွာသူရွာသားများအတွက် တခါတရံ ဖြစ်ပွားလေ့ရှိသည့် အနာစိမ်း နှင့် ဖျားနာရောဂါများစသော ရောဂါများကို အချိန်မီ ကုသနိုင်၍ ကျန်းမာရေးကုန်ကျစရိတ်ကို သက်သာစေပါသည်။

## ၁.၄ ဥစ္စာဓန အဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ဥယျာဉ်ခြံ ဧက (၁၀)နှင့်အထက် | ဥယျာဉ်ခြံ ဧက (၁၀ နှင့် ၅ ) ကြား | ဥယျာဉ်ခြံ ဧက (၅ နှင့် ၃ ) ကြား | ဥယျာဉ်ခြံ ဧက (၃) အောက်၊ မြေယာမဲ့ |
| အိမ်အခြေအနေ | ပျဉ်ကာ၊ ပျဉ်ခင်း၊ သွပ်မိုး၊နှစ်ထပ် | ပျဉ်ကာ၊ ပျဉ်ခင်း၊ ဓနိမိုး၊ | ဓနိမိုး၊ဓနိကာ၊ ပျဉ်ခင်း၊ | ဓနိမိုး၊ဓနိကာ၊ ဝါးခင်း၊ |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | မြက်ဖြတ်စက်၊ သုံးဘီး ဆိုင်ကယ် | မြက်ဖြတ်စက် ရှိ | မရှိ | မရှိ |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ကားပိုင် | ဆိုင်ကယ်-၂စီး | ဆိုင်ကယ်-၁ စီး | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း၊ တနှစ်ဝင်ငွေ | စျေးဆိုင်ကြီး၊ | စျေးဆိုင်လတ်၊ | စျေးဆိုင်ငယ်၊ | ကျပန်း၊လက်လုပ်လက်စား |
| **စုစုပေါင်း** | **၇ အိမ် (၅.၆၉%)** | **၁၇ အိမ် (၁၃.၈၂%)** | **၅၄ အိမ် (၄၃.၉၀%)** | **၄၅ အိမ် (၃၆.၅၉%)** |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

## ၁.၅ ထိခိုက်လွယ်မှု

### ၁.၅.၁ ဝမ်းစာ ဖူလုံမှု

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၈၃ | ၈၃.၈၄% | လုပ်အားကြွေးယူခြင်း၊ ခေါက်ပြန်ပေးအကြွေးယူခြင်း၊ ဆွေမျိုးမိတ်ဆွေများနှင့် ငွေတိုးချေးစားသူများထံမှ ချေးယူခြင်း၊ |
| ၃ လနှင့် ၅ လ အထိ | ၁၆ | ၁၆.၁၆% | လုပ်အားကြွေးယူခြင်း၊ ခေါက်ပြန်ပေးအကြွေးယူခြင်း၊ ဆွေမျိုးမိတ်ဆွေများနှင့် ငွေတိုးချေးစားသူများထံမှ ချေးယူခြင်း၊ |
| ၆လ မှ ၁၂ လ အထိ | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ နှင့် ဝမ်းစာဖူလုံမှု ဆန်းစစ်ခြင်း (၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

အိမ်ထောင်စု အများစုမှာ ဥယျာဉ်ခြံလုပ်ငန်းကို အဓိက လုပ်ကိုင်ကြသောကြောင့် ဆန်ကိုအပြင်မှ ဝယ်စားကြရပါသည်။ မြေယာမဲ့ ကျပန်းသမားများမှာ အခြားသော အချိန်များတွင်မူ ချေးကြွေးယူခြင်း၊ အတိုးဖြင့်ငွေချေးခြင်း၊ အခြားဒေသများသို့ သွားရောက်အလုပ်လုပ်ကိုင်သူတို့ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေကြရပါသည်။ အဓိက ပြဿနာတစ်ရပ်မှာ ဝင်ငွေရရှိရန် နိုင်ငံခြား (ထိုင်း) သို့ အားကိုးနေရသဖြင့် အလုပ်အကိုင်အတွက် လုံခြုံစိတ်ချရသော အနေအထားတစ်ရပ် မဟုတ်ပါချေ။

### ၁.၅.၂ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို ၆၀ နှစ်နှင့် အထက် | မိသားစုစောင့်ရှောက်မှုမရှိ | ၂ | ၂ | ၄ |
| မသန်စွမ်းသည့် ပုဂ္ဂိုလ် | မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုရှိ | မရှိ | မရှိ | |
| | | အိမ်ထောင်စုအရေအတွက် | | |
| အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု | ဆင်းရဲ၍ မိသားစုဦးရေများ | ၁၃ | | |
| မုဆိုးဖို / တစ်ခုလပ် | ဆင်းရဲ၍ မိသားစုဦးရေများ | ၂ | | |
| ဆင်းရဲသည့် အိမ်ထောင်စု | အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင် လုပ်ကိုင်နေသူ | ၁၁ | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ ( ၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာအတွင်းရှိ ထိခိုက်လွယ်သော မိသားစု၊ ပုဂ္ဂိုလ်များမှာ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများနှင့် မြေယာမဲ့ကျပန်း၊ နေ့စားအိမ်ထောင်စုများ ဖြစ်ကြပါသည်။ ထိုအိမ်ထောင်စုများမှာ ကျေးရွာအတွင်း အများစုဖြစ်ကြပြီး၊ စားကြွေးတင်နေကြသူများလည်း ဖြစ်ပါသည်။ ရာသီချိန် မတိုင်မီ အကြွေးယူ စားသုံးနေရပြီး၊ အလုပ်ချိန်ရောက်လာလျှင် လုပ်အားဖြင့် ပြန်လည်ပေးဆပ်ရသော အိမ်ထောင်စုများလည်း ဖြစ်ကြပါသည်။ အခြားဝင်ငွေရ၊ အသက်မွေးဝမ်းကျောင်း အလုပ်များလုပ်ရန် အခက်အခဲများကြောင့် စီးပွားရေး ထိခိုက်မှုများ ဖြစ်ပါကရပ်တည်ရန် ခဲယဉ်းသဖြင့် ထိခိုက်လွယ်သူများ ဖြစ်ကြပါသည်။

## ၁.၅.၃ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | နိမ့် | လုပ်အားနှင့် အစားအစာလဲလှယ်ခြင်း၊ အကြွေးယူ စားသုံးနိုင်ခြင်း၊ ဥယျာဉ်ခြံမှ ဝင်ငွေရရှိခြင်း |
| ၂ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ...) | မြင့် | စိုက်ပျိုးမြေတိုးချဲ့ရန် မြေရှားပါးခြင်း |
| ၃ | ရေကြီးခြင်း | နိမ့် | ကုန်းမြင့်ဒေသဖြစ်၍ မစိုးရိမ်ရ |
| ၄ | မိုးခေါင်ခြင်း | နိမ့် | ကြုံတွေ့ရလေ့မရှိ။ |
| ၅ | မုန်တိုင်း | နိမ့် | ကြုံတွေ့ရလေ့မရှိ။ |
| ၆ | ငလျင် | နိမ့် | ကြုံတွေ့ရလေ့မရှိ။ |
| ၇ | မီးဘေး | နိမ့် | ကြုံတွေ့ရလေ့မရှိ။ |
| ၈ | ဆားငန်ရေဝင်မြေ | နိမ့် | ကုန်းမြင့်ဒေသဖြစ်၍မစိုးရိမ်ရ |
| ၉ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | လတ် | မိုးတွင်းရာသီတွင် မြေပြိုမှု ဖြစ်ပွားနိုင်ခြင်း၊ ခြံများ ချဲ့ထွင်စိုက်ပျိုးမှုကြောင့် မြေဆီလွှာ အနည်းငယ် ပျက်ယွင်းလာခြင်း။ |
| ၁၀ | သစ်တောပြုန်းတီးခြင်း | မြင့် | ဥယျာဉ် နှင့် ရော်ဘာစိုက်ပျိုးမှု ချဲ့ထွင်လာခြင်း |
| ၁၁ | ငှက်ဖျားရောဂါ | နိမ့် | |
| ၁၂ | တီဘီရောဂါ | နိမ့် | |
| ၁၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | |
| ၁၄ | ပြည်တွင်းနေရပ် စွန့်ခွါ ရွှေ့ပြောင်းခံရသူများ(IDP) | နိမ့် | |
| ၁၅ | လူကုန်ကူးခြင်း | လတ် | နယ်စပ်ဒေသဖြစ်၍ တစ်ဖက် နိုင်ငံသို့ သွားရောက် အလုပ်လုပ်သူများရှိ |
| ၁၆ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | နိမ့် | ထားဝယ်-ထီးခီးလမ်းပေါ်တွင် တည်ရှိ၍ ရာသီ မရွေးကား၊ ဆိုင်ကယ်များ သွားလာနိုင်သည်။ |
| ၁၇ | အခြား | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ဝကုန်းကျေးရွာ၏ ထိခိုက်လွယ်မှု ဖြစ်နိုင်ချေ အများဆုံးအခြေအနေမှာ အခြားဒေသများသို့ သွားရောက် လုပ်ကိုင်ရသဖြင့် ရောဂါကူးစက်မှု ခံရနိုင်ခြေရှိခြင်း၊ တောတောင်များအနီးတွင် ရှိသောကြောင့် အိမ်ထောင်စု အားလုံးနီးပါး ငှက်ဖျားရောဂါရှိခြင်းတို့ ဖြစ်ကြသည်။ သစ်တောပြုန်းတီးခြင်းနှင့် စိုက်ပျိုးနိုင်သည့်မြေများ ရှားပါးလာခြင်းသည်လည်း နောင်အနာဂတ်တွင် စိုးရိမ်ဖွယ်ရာ အချက်ပင် ဖြစ်သည်။ ထိုင်းနယ်စပ် ထားဝယ်-ထီးခီးလမ်းပေါ်တွင် တည်ရှိပြီး လူကုန်ကူးခြင်း ဖြစ်ပွားမှုရာခိုင်နှုန်း မြင့်မားနိုင်သည့် ဒေသတွင် ပါဝင်ပါသည်။ အခြားထိခိုက်လွယ်မှု အခြေအနေများမှာ သာမန်ပင် ဖြစ်ပါသည်။

## ၁.၅.၄ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | နယ်စပ်ဒေသဖြစ်၍ တစ်ဖက် နိုင်ငံသို့ သွားရောက်အလုပ် လုပ်သူလူငယ်များအတွက် ထိခိုက်မှုများရှိနိုင်ပါသည်။ |
| ၂ | အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | နိမ့် | အိမ်ထောင်စုတွင် လူငယ်များ ရှိခြင်း၊အိမ်ထောင်စုများအချင်းချင်းနီးကပ်စွာဆက်ဆံရေးရှိခြင်း။ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသား တောင်သူ | မြင့် | အရေးပေါ်အခြေအနေတွင် ကြုံတွေ့ နိုင်ပါသည်။ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသ | နိမ့် | |
| ၅ | မြစ်ကမ်းဘေးနေလူထု | နိမ့် | |
| ၆ | မတော်မဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) | နိမ့် | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်း ခံရသူများ(IDP) | နိမ့် | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | နိမ့် | |
| ၉ | ငါးကန်ပိုင်ရှင် | မရှိ | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | အရေးပေါ်အခြေအနေတွင် ကြုံတွေ့နိုင်ပါသည်။ |
| ၁၁ | လူနည်းစုလူမျိုးများ | မရှိ | |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာ | မရှိ | |
| ၁၃ | နယ်စပ်ဒေသ | မရှိ | |
| ၁၄ | ရွှေတွင်းလုပ်သား | မရှိ | |

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၅ | ဆေးစွဲသူများ | မရှိ | |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် | ရွှေ့ပြောင်းလုပ်သားများနှင့် ဆက်စပ် နေသော အိမ်ထောင်စုများ |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | မရှိ | |
| ၁၈ | ရွှေ့ပြောင်းလုပ်သားများ | လတ် | အခြားနိုင်ငံများတွင်ရောက်ရှိ လုပ်ကိုင် နေကြသဖြင့် လုပ်အားခများ ခေါင်းပုံဖြတ် ခံရခြင်း။ |
| ၁၉ | ကားသမား | မရှိ | |
| ၂၀ | အခြား | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

အခြားဒေသများသို့ ရွှေ့ပြောင်းလုပ်ကိုင်သူများမှာ လူငယ်အများစုဖြစ်၍ ကူးစက်ရောဂါများ ဖြစ်ပွားနိုင်ခြင်း၊ အမျိုးသမီး ဦးဆောင်သော မိသားစုများ၊ ကျပန်း မိသားစုများမှာ သဘာဝ အရင်းအမြစ်များ ရှားပါး၍ အလုပ်အကိုင် နည်းပါးမှုကြောင့် စားနပ်ရိက္ခာဖူလုံရန် ခက်ခဲခြင်းတို့ဖြင့် ရင်ဆိုင်နေကြရသည်။

## (၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

### ၂.၁ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### ၂.၁.၁ ကျေးရွာတွင်းရှိ လူထု အခြေပြု အဖွဲ့အစည်းများ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ ကျား | မ | ပေါင်း | လုပ်ငန်း တာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| ၁ | လူငယ်ပရဟိတ အဖွဲ့ | ၂ | ၄၀ | ၃၀ | ၇၀ | လူမှုရေး၊ဘာသာရေး | ၄ | ၆ |
| ၂ | ဂေါပက/ရပ်မိရပ်ဖ | ၂/၃ | ၁၄ | ၀ | ၁၄ | လူမှုရေး၊ဘာသာရေး | ၄ | ၆ |
| ၃ | ပညာရေး (မိဘဆရာ အသင်း၊ ကျောင်း အကျိုးတော် ဆောင်) | ၂ | ၁၄ | ၁၀ | ၂၄ | မီးဘေး | ၄ | ၆ |
| ၄ | ကျေးရွာပိုင်ဆိုင်မှုများနှင့်လုံခြုံဖွံ့ဖြိုးရေးကော်မတီ | ၂ | ၁၀ | ၇ | ၁၇ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး | ၄ | ၇ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၅ | မိခင်/ကလေး+ အမျိုး သမီးရေးရာ | ၂ | ၀ | ၁၆ | ၁၆ | အမျိုးသမီးရေးရာ ကဏ္ဍ | ၄ | ၈ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

### ၂.၁.၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇/၈) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | ဝေါလ် ဗွီးရှင်း | ၅ | ရပ်ကွက် (၁၊၂၊၃၊၄) အတွက် စိမ့်စမ်းရေ သွယ်ယူခြင်း အလယ်တန်း ကျောင်းဆောင်သစ် ဆောက် လုပ်ခြင်း၊ ခြင်ထောင်များဝေပေးခြင်း |
| ၂ | ယူနီဆက် | ၅ | ကျန်းမာရေး |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**ကျေးရွာနှင့် အဆက်အသွယ် ပြုနေသော ပြင်ပ အဖွဲ့အစည်းများမှာ**

**World Vision** မှ ရပ်ကွက် (၁၊၂၊၃၊၄) အတွက် စိမ့်စမ်းရေ သွယ်ယူခြင်း၊ အလယ်တန်းကျောင်း ဆောင်သစ် ဆောက်လုပ်ပေး၊ ခြင်ထောင်များ ဝေပေးခြင်း စသည်တို့ကို လုပ်ဆောင်ပေးပါသည်။ **UNICEF** မှ ကျန်းမာရေးအတွက် ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ကြပါသည်။

## ၂.၂ စီးပွားရေး နှင့် အသက်မွေးမှု အခြေအနေ

### ၂.၂.၁ သီးနှံထုတ်လုပ်ရေး

#### ၂.၂.၁.၁ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၃၆ | ၂၉.၂၇% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် (၁ ဟက်တာထိ) | ၁၄ | ၁၁.၃၈% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ (၂ ဟက်တာထိ) | ၃၆ | ၂၉.၂၇% | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား (၅ ဟက်တာထိ) | ၂၃ | ၁၈.၇၀% | အလယ်အလတ်တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် (၅ ဟက်တာ နှင့် အထက်) | ၁၄ | ၁၁.၃၈% | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | **၁၂၃** | **၁၀၀ %** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မြေပိုင်ဆိုင်သူ အိမ်ထောင်စုသည် စုစုပေါင်း အိမ်ထောင်စု၏ (၇၀) ရာခိုင်နှုန်းခန့် ရှိ၍ ဥယျာဉ်ခြံ စိုက်ပျိုးခြင်းကို အဓိကထားလုပ်ကိုင်သည့် ကျေးရွာဟု ဆိုရမည် ဖြစ်ပါသည်။ ကွမ်းသီးခြံလုပ်ငန်းမှ ဈေးကွက်သို့ ကွမ်းသီးများ တင်ပို့ရောင်းချနိုင်သည့်အပြင် ဒေသအတွင်း ကွမ်းသီး စိုက်ပျိုးလိုသော တောင်သူများအတွက် ကွမ်းသီးပျိုးပင်များ ရောင်းချရာမှလည်း ဝင်ငွေရနေသည့် ကျေးရွာတစ်ခု ဖြစ်သည်။ တောင်သူကြီးနှင့် တောင်သူလတ်များသည် ကွမ်းသီးနှင့် ရော်ဘာကို ဧကကျယ်ကျယ် စိုက်ပျိုးကြ ပါသည်။ အချို့သော တောင်သူကြီးများသည် ဝင်ငွေနည်းပါးသော ရော်ဘာခြံများ နေရာတွင် ကွမ်းသီးပင်များ ပြန်လည် စိုက်ပျိုးခြင်းဖြင့် အစားထိုးလာကြပါသည်။ မြေယာမဲ့လုပ်သားများသည် ဥယျာဉ်ခြံလုပ်ငန်းများနှင့် သတ္တုတွင်းလုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်နေရ ပါသည်။

### ၂.၂.၁.၂ အစိုးရ နှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | အစိုးရနှင့် ပုဂ္ဂလိက | ရေသောက် ဧက | ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်) |
|---|---|---|---|---|
| ၁ | ဆည် | မရှိ | | |
| ၂ | ရေလွှဲဆည် | မရှိ | | |
| ၃ | မြစ်ရေတင်စီမံကိန်း | မရှိ | | |
| ၄ | ဆည်မြောင်း | မရှိ | | |
| ၅ | အဝီစိတွင်း | မရှိ | | |
| ၆ | လက်ငင် ရေတွင်း | မရှိ | | |
| ၇ | စိမ့်စမ်းရေ | မရှိ | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

### ၂.၂.၁.၃ အဓိကသီးနှံများ နှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများ နှင့် အထွက်နှုန်း

| သီးနှံ | ဧက | ယူနစ် | သီးနှံထွက်မှု အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | သီးနှံ စိုက်ပျိုးသည့် ကာလ | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/ မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်) | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|
| ကွမ်းသီး | ၄၇၀ | ပိဿာ | ၁၅၀ | ၂၀၀ | ၁၇၅ | ဇွန်၊ ဇူလိုင် | နိမ့် | လတ် | |
| ရော်ဘာ | ၂၀၀ | ပေါင် | ၁၄.၄ | ၁၈ | ၁၀.၀၈ | ဇွန်၊ ဇူလိုင် | လတ် | နိမ့် | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကွမ်းသီးမှာ ဒေသနှင့်သင့်တော်ပြီး သွင်းအားစုလိုအပ်ချက်မှာ အခြားသီးနှံပင်များနှင့် နှိုင်းယှဉ်လျှင် ပြုစုစောင့်ရှောက်မှုနှင့် ကုန်ကျစရိတ် သက်သာသည့်အပြင် ပိုးမွှားရောဂါကျရောက်မှု မရှိသလောက် နည်းပါးပါသည်။ မိရိုးဖလာစိုက်စနစ်များကိုသာ ကျင့်သုံးနေဆဲ ဖြစ်သဖြင့် တစ်ဧကပျမ်းမျှအပင် (၆၀၀) တွင် ပျမ်းမျှ (၁၇၅) ပိဿာခန့်သာ ထွက်ရှိပါသည်။ ဝကုန်းကျေးရွာသည် ဒေသအတွင်း၌ အရည်အသွေးကောင်းမွန်သည့် ကွမ်းသီး အထွက်ကောင်းမျိုးများ ထွက်ရှိရာ အမည်ကျော်ကြား သည့် ကျေးရွာဖြစ်၍ ကွမ်းသီးရောင်းချမှုအပြင် ပျိုးပင်ရောင်းချမှုမှလည်း ဝင်ငွေရရှိသည့် တောင်သူ ကြီးများလည်း ရှိကြပါသည်။

ရော်ဘာစိုက်ပျိုးဧရိယာ အားလုံး၏ (၃၀) ရာခိုင်နှုန်းခန့်သာ ဖူးဆက်အပင်မျိုး စိုက်ပျိုးကြပြီး ကျန် သော (၇၀) ရာခိုင်နှုန်းခန့်မှာ အစေ့စိုက် (အရိုင်း) ပင်များ ဖြစ်ပါသည်။ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု ကို လွန်ခဲ့သော (၅) နှစ် ခန့်မှသာ တဖြေးဖြေး ချဲ့ထွင်စိုက်ပျိုးလာခဲ့ရာ အစေးထုတ်လုပ်ရမည့် အချိန်

တွင် ရော်ဘာဈေးနှုန်း ကျဆင်းသည့်အချိန်နှင့် တိုက်ဆိုင်နေသဖြင့် လက်ရှိအချိန်တွင် (၅.၀၀) ဧကခြံတစ်ခြံသာ ထုတ်လုပ်လျှက်ရှိပါသည်။

### ၂.၂.၁.၄ လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | အိမ်ထောင်စု အရေအတွက် | ရွာပိုင်ဆိုင်မှု | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| ထွန်စက် | မရှိ | မရှိ | |
| ရိတ်သိမ်းစက် | မရှိ | မရှိ | |
| လက်တွန်းထွန်စက် | မရှိ | မရှိ | |
| ခြွေလှေ့စက် | မရှိ | မရှိ | |
| ရေစုပ်စက် | ၁ | မရှိ | |
| ခြေနင်းရေတင်စက် | မရှိ | မရှိ | |
| မျိုးစေ့ချစက် | မရှိ | မရှိ | |
| မြက်ရိတ်စက် | ၄၃ | မရှိ | (၄၃) အိမ်မှ (၄၆) လုံးပိုင် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

### ၂.၂.၁.၅ သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေ (စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊ဩဇာ) | မရှိ | သစ်တောမြေ၊ ဓာတ်သတ္တုပိုင်နယ်မြေ များပြား |
| ရေအရင်းအမြစ် | ရှိ | ၀ကုန်း ချောင်းနံဘေးတွင် တည်ရှိ |
| သဘာဝမြေဆွေး၊ ဩဂဲနစ် | မရှိ | |
| ဩဂဲနစ်ပိုးသတ်ဆေး | မရှိ | |
| ချေးငွေရရှိမှု | မရှိ | အတိုးနှုန်းမြင့်မား (၅% မှ ၁၀%) |
| သွင်းအားစုဈေးကွက် | ရှိ | ထားဝယ်မြို့နှင့် ၂၃ မိုင်ခန့် ကွာဝေး |
| ဝန်ဆောင်မှုဈေးကွက် | မရှိ | |
| ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု | မရှိ | ကျေးရွာသို့ ကုန်သည်များလာဝယ်၊ ထားဝယ်ဈေးသို့ ရောင်းချနိုင်။ |
| အခြား(၁) | | |
| အခြား(၂) | | |
| အခြား(၃) | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

တောင်သူများသည် အစိုဓာတ်များ ထိန်းထားနိုင်သောမြေများတွင် ကွမ်းသီးကို စိုက်ပျိုး၍ အမြင့်ပိုင်း ကုန်းဆန်မြေများတွင် ရော်ဘာပင်ကို ရွေးချယ် စိုက်ပျိုးကြပါသည်။ ၎င်းသီးနှံပင်များနှင့် အချို့သော နှစ်ရှည်ပင်များအား အပင်ပြုစု စောင့်ရှောက်မှုလုပ်ငန်းများကို ဂရုတစိုက် လုပ်ကိုင်စရာမလိုပဲ

သဘာဝအလျောက်ဖြစ်ထွန်းနိုင်သည့် အခွင့်အလမ်းတစ်ရပ်ဟု ဆိုရမည် ဖြစ်ပါသည်။ ထို့အပြင် ထားဝယ်-ထီးခီး (ထိုင်းနယ်စပ်) သို့သွားရာ အဝေးပြေးလမ်းမ နံဘေးတွင် တည်ရှိသော ကျေးရွာ ဖြစ်၍ မိမိတို့စိုက်ပျိုးရေး ထွက်ကုန်များကို ဖြန့် ဝေရောင်းချရာ၌ ပြည်တွင်းသာမက ပြည်ပ (ထိုင်း) သို့ပါ တင်ပို့ရောင်းချနိုင်သည့်အထိ ဈေးကွက်နှင့် ကုန်သွယ်မှု ချိတ်ဆက်မှု အားကောင်းလာမည် ဖြစ်ပါသည်။

### ၂.၂.၁.၆ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေယာအသုံးချနိုင်မှု | မရှိ | |
| ငွေကြေးအရင်းအနှီးလက်လှမ်းမီမှု | ရှိ | သင့်တင့်မျှတသော အတိုးနှုန်းဖြင့် လိုအပ်သလောက် ချေးငွေ မရရှိနိုင်။ |
| သွင်းအားစုတတ်နိုင်မှု | ရှိ | လိုအပ်သောသွင်းအားစုများ ထည့်သွင်းမြှုပ်နှံရန် ခြံရှင်များတွင် အရင်းအနှီး မရှိ။ |
| ကျွမ်းကျင်လုပ်သားရှားပါးမှု | မရှိ | |
| ဆည်မြောင်းရေရရှိမှု | မရှိ | |
| မိုးရေမလုံလောက်မှု | မရှိ | |
| စိုက်ပျိုးရေသွင်းအားစုများအချိန်မီ အသုံးပြုနိုင်မှု | မရှိ | |
| ဖျက်ပိုးနှင့်ရောဂါ | မရှိ | |
| နည်းပညာအကူအညီနှင့် နည်းလမ်းများ | ရှိ | လုံလောက်သော၊ ထိရောက်ကောင်းမွန်သော နည်းပညာ ရရှိရန် လက်လှမ်းမမီခြင်း |
| ဈေးကွက်လက်လှမ်းမီမှု | ရှိ | သီးနှံဈေးကွက် အတက်အကျဖြစ်ခြင်း၊ |
| အစိုးရမူဝါဒနှင့် အစီအစဉ် | မရှိ | |
| အခြား (၁) | | |
| အခြား (၂) | | |
| အခြား (၃) | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ထားဝယ်မြို့နှင့် အတန်ငယ် အလှမ်းဝေးခြင်း၊ ရော်ဘာစိုက် တောင်သူများသည် ဖူးဆက် မျိုးကောင်း မျိုးသန့်များအား ထည့်သွင်းနိုင်လောက်အောင် ငွေကြေးမပြည့်စုံခြင်းများကြောင့် အထွက်တိုးနည်း ပညာများအား လက်လှမ်းမမီမှု အားနည်းကြပါသည်။ ရော်ဘာဈေးနှုန်း ဆက်တိုက် ကျဆင်းလာခြင်း ကြောင့် ထုတ်လုပ်မှု ရပ်ထားသည့် ခြံပိုင်ရှင်များနှင့် ၎င်းခြံများမှ အစေးခြစ်လုပ်ငန်းများအပေါ် မှီခိုအားထား နေရသည့် ဆင်းရဲသားမြေယာမဲ့များ၏ ဝင်ငွေ အခွင့်အလမ်းအားလည်း ထိခိုက်မှု ဖြစ်စေခဲ့ ပါသည်။ ကွမ်းသီးစိုက်တောင်သူများသည် မိုးတွင်းကာလတွင် စားသုံးရန်နှင့် ပေါင်းမြက် ရှင်းလင်းခြင်းအတွက် လုပ်အားခပေးချေခြင်းအတွက် လိုအပ်သောငွေကြေးအရင်းအနှီးကို ကွမ်းသီး အဝယ်ဒိုင်များနှင့် လုပ်ငန်းရှင်များထံမှ ကြိုတင်ချေးယူ ထားကြရပါသည်။

## ၂.၂.၂ မွေးမြူရေး လုပ်ငန်း

### ၂.၂.၂.၁ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | အိမ်ထောင်စု | မှတ်ချက်/အခြေအနေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | မရှိ | |
| မြင်း | မရှိ | |
| ကျွဲ | မရှိ | |
| မြည်း | မရှိ | |
| လား | မရှိ | |
| ဆိတ် | ၁ | ၁ ကောင် |
| သိုး | မရှိ | |
| ဝက် | မရှိ | |
| ကြက် | ၃၂ | ၃၂၄ ကောင် |
| ဘဲ | ၂ | ၆ ကောင် |
| အခြား | မရှိ | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | မရှိ | |
| ပုဇွန်ကန် | မရှိ | |
| ရေချိုငါးဖမ်းလုပ်ငန်း | မရှိ | |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | မရှိ | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | မရှိ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ဝကုန်းကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို တစ်နိုင်တစ်ပိုင်သာ လုပ်ကိုင်ကြပြီး တိရစ္ဆာန်ရောဂါကျရောက်မှုနှင့် ပက်သက်သော ဗဟုသုတနှင့် နည်းပညာ မသိခြင်းကြောင့် ဆုံးရှုံးပျက်စီးမှုများ ရှိပါသည်။

### ၂.၂.၂.၂ မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| စားကျက်မြေ | |
| ရေရရှိမှု | စိမ့်စမ်းရေ၊ စမ်းချောင်းရေ အလွယ်တကူရရှိနိုင်ခြင်း |
| တိရစ္ဆာန်မျိုး | |
| ချေးငွေ | |
| သွင်းအားစုဈေးကွက် | |
| ဝန်ဆောင်မှုဈေးကွက် | ထားဝယ် မွေး/ကုဦးစီးဌာန၊ |
| ထုတ်ကုန်ရောင်းဝယ်မှု | ကျေးရွာအတွင်း အလွယ်တကူရောင်းချနိုင်ခြင်း |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု | အိမ်ခြံဝင်းများ အတော်အသင့် ကျယ်ဝန်းသဖြင့် တစ်နိုင်တစ်ပိုင် မွေးမြူရေးအတွက် အဆင်ပြေပါသည်။ |
| အခြား(၁) | |
| အခြား(၂) | |
| အခြား(၃) | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

### ၂.၂.၂.၃ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်အခက်အခဲ စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ဈေးငွေလက်လှမ်းမီမှု | သင့်သင်သောအတိုးနှုန်းဖြင့် ထုတ်ချေးသော ချေးငွေ စနစ်မရှိခြင်း၊ |
| ကူးစက်ရောဂါဖြစ်ပွားမှု | ကြက်တွင် အဖြစ်များပါသည်။တိရစ္ဆာန်ကျန်းမာရေး အသိ ပညာနည်းပါးခြင်း နှင့် ကာကွယ်ဆေးအချိန်မီစွာ မထိုးနှံ ခြင်းကြောင့် ဖြစ်ပါသည်။ |
| သွင်းအားစုဈေးကွက် | မရှိပါ |
| ဝန်ဆောင်မှုဈေးကွက် | မရှိပါ |
| ထုတ်ကုန်ရောင်းဝယ်မှုဈေးကွက် | ရွာတွင်းသာ ရှိပါသည်။ |
| မွေးမြူရေးနှင့် ကုသရေးဆိုင်ရာဗဟုသုတ | မွေးမြူရေးနှင့် ကုသရေးဆိုင်ရာ ဗဟုသုတ အလွန် နည်းပါး ပြီး မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ ပညာပေး အစီ အစဉ်များ ရယူရန်လိုအပ်ပါသည်။ |
| စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်လက်လှမ်းမီမှု | မရှိပါ |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် လက်လှမ်းမီမှု | မရှိပါ |
| ငါးဖမ်းခွင့် ကုန်ကျစရိတ်မြင့်မားမှု | မရှိပါ |
| အရင်းအနှီးလက်လှမ်းမီမှု | မရှိပါ |
| အခြား | မရှိပါ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မွေးမြူရေးလုပ်ငန်း တိုးတက်ရန်အတွက် နည်းပညာနှင့် ရောဂါကာကွယ်ထိန်းချုပ်ရန် အထူးလိုအပ်ပါသည်။ မွေးမြူရေးနှင့် ကုသရေးဆိုင်ရာဗဟုသုတ အားနည်းကြသဖြင့် နည်းပညာဝန်ဆောင်မှုနှင့် သင်တန်းများ ပံ့ပိုးပေးပါက မွေးမြူရေး လုပ်ကိုင်နေသော အိမ်ထောင်စုများအတွက် အထောက်အကူ ပြုနိုင်ပါသည်။

## ၂.၂.၃ စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေး လုပ်ငန်းကဏ္ဍ

### ၂.၂.၃.၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း | ၃ | | | နိမ့် (သတ္တုတူးဖော်ရေး - ၃) |
| ၂ | ထုတ်ကုန်လုပ်ငန်း | ၁ | | | လတ် (အုတ်လုပ်ငန်း - ၁) |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | ၁ | ၄ | | လတ် (လက်သမား - ၁) |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | ၂ | | | လတ် (ဆိုင်ကယ်ပြင် - ၂) |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၃ | | | လတ် (စက်ချုပ်ဆိုင် - ၃) |
| ၇ | လက်လီ-လက်ကားရောင်းဝယ် ရေး | ၁၇ | | | လတ် (အိမ်ဆိုင်- ၅၊ မုန့်ဆိုင် - ၄၊ မုန့်ဟင်းခါးဆိုင် - ၂၊ သီးနှံပွဲစား - ၆) |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | | | | |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | ၅ | | | လတ် (ငွေတိုးချေးစားသူ - ၅) |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး) | | | | |
| ၁၃ | ပညာရေး | | | | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁၄ | ကျန်းမာရေး | | | | |
| ၁၅ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၆ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | | ၁၉ | | နိမ့် (ကျေးရွာရှိ သစ္စာတွင်းများ၊ ကွမ်းသီးခြံ၊ ရော်ဘာခြံများ၌ ကျပန်း လုပ်ကိုင်သူများ) |
| ၁၇ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ** | ၃၂ | ၂၃ | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျပန်းလုပ်သားများသည် အများဆုံးအားဖြင့် သစ္စာတွင်းများနှင့် ဥယျာဉ်ခြံများတွင် လုပ်ကိုင်ကြပါသည်။ အမျိုးသားတစ်ဦး တစ်နေ့ လုပ်အားခမှာ (၅,၀၀၀-၈,၀၀၀) ကျပ် ဖြစ်ပြီး အမျိုးသမီး တစ်ဦးမှာ (၄,၀၀၀-၅,၀၀၀) ကျပ် ဖြစ်ပါသည်။ ထိုင်းနိုင်ငံသို့ သွားရောက် လုပ်ကိုင်သူ များပြားပါသည်။

### ၂.၂.၃.၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

| အခွင့်အလမ်းများ | ပြဿနာနှင့်အခက်အခဲများ |
|---|---|
| ဒေသထွက်သီးနှံများရှိနေခြင်း (ဒူးရင်း၊ မင်းကွတ်၊ ညောင်း စသဖြင့်) | -တာရှည်ခံနည်းပညာများမသိရှိခြင်း<br>-အရင်းအနှီးမရှိခြင်း<br>-သင်ကြားပေးမည့်ဆရာမရှိခြင်း<br>-ပညာရေးအဆင့် အတန်း မပြည့်မီခြင်း၊ |
| သစ်တောထွက်ပစ္စည်းများအားတန်ဘိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချခြင်း (ဖာလာစေ့၊ ကြိမ်စေ့) | -ကုန်ကြမ်းအဖြစ်ဈေးသို့ရောင်းးချနေခြင်း<br>-အရင်းအနှီးမရှိခြင်း<br>-တာရှည်ခံနည်းပညာများမသိရှိခြင်း |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ဒေသမှမည်သည့်ထုတ်ကုန်မျှ ထုတ်လုပ်မှု မရှိခြင်းနှင့် ဈေးကွက်ဆိုင်ရာ ချိတ်ဆက်မှု အားနည်းခြင်း၊ အသက်မွေးဝမ်းကျောင်းပညာများ လက်လှမ်းမီမှု အားနည်းခြင်း၊ မိရိုးဖလာ ကျပန်းအလုပ်ကိုသာ အာရုံစိုက်၍ လုပ်ကိုင်ကြခြင်း၊ လုပ်ငန်းအပေါ်မူတည်၍ ထုတ်ချေးပေးသည့် ချေးငွေပမာဏနှင့် ပြန်လည်ပေးဆပ်သည့် ပုံစံကို သတ်မှတ်သည့် ချေးငွေမရှိခြင်းတို့ကြောင့် စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြဿနာ နှင့် အခက်အခဲများ ရှိနေပါသည်။

## ၂.၃ ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၃) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှအကွာအဝေး (ကီလိုမီတာ) | ၃၇ ကီလိုမီတာ (ထားဝယ်မြို့) | ၃၇ ကီလိုမီတာ (ထားဝယ်မြို့) |
| သယ်ယူပို့ဆောင်ရေးလမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ | ကား၊ ဆိုင်ကယ် | ကား၊ ဆိုင်ကယ် |
| ကုန်စည်အမျိုးအစား နှင့် ဝန်ဆောင် ပေးနိုင်မှု | အမျိုးစုံ (စားသောက်ကုန်၊ အဝတ်အစား၊ဆေးဝါး၊ ဆောက်လုပ်ရေး ပစ္စည်း ကုန်....စသဖြင့်) | အမျိုးစုံ (စားသောက်ကုန်၊ အဝတ်အစား၊ဆေးဝါး၊ ဆောက်လုပ်ရေး ပစ္စည်း ကုန်....စသဖြင့်) |
| ဈေးအခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု | ကြီး | ကြီး |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ထားဝယ် - ထီးခီးလမ်းမနံဘေးတွင် တည်ရှိပြီး၊ ဆက်သွယ်ရေး ယာဉ်လိုင်းများလည်း ရှိပါသည်။ တိုင်းဒေသကြီးမြို့တော် ထားဝယ်နှင့် မဝေးကွာလှသောကြောင့် ဈေးကွက်နှင့် ချိတ်ဆက်မှုမှာ အဆင်ပြေလှပါသည်။

## ၂.၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၄) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေရရှိနိုင် သည့် နေရာ | ငွေကြေးဝန် ဆောင်မှု အမျိုးအစား | ပြန်လည်ပေး ဆပ်ရမည့် ကာလ | အတိုးနှုန်း | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေ ရရန် အခက် အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ် | | | | | |
| ပုဂ္ဂလိကဘဏ် | | | | | |
| ပုဂ္ဂလိက အသေးစား | | | | | |
| ချေးငွေဝန် | | | | | |
| ဆောင်မှုကဏ္ဍ | | | | | |
| အဖွဲ့အလိုက်ငွေစု/ | | | | | |

| ချေးငွေရရှိနိုင် သည့် နေရာ | ငွေကြေးဝန်ဆောင်မှု အမျိုးအစား | ပြန်လည်ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေ ရရန် အခက်အခဲများ |
|---|---|---|---|---|---|
| ငွေချေး အစီအစဉ် | | | | | |
| ငွေချေးပေးသူ | ချေးငွေ | ကာလ သတ်မှတ်ထား | တစ်လ ၁၀% | လိုအပ် | ချေးငွေအကန့်အသတ် |
| အပေါင်ဆိုင် | ချေးငွေ | ကာလ သတ်မှတ်ထား | တစ်လ ၁၀% | လိုအပ် | ပစ္စည်း၏ ၅၀% |
| မိတ်ဆွေနှင့်ဆွေမျိုးများ | ချေးငွေ | ကာလ သတ်မှတ်ထား | တစ်လ (၅-၁၀%) | မလို | လိုအပ် ချိန်တိုင်းမရနိုင် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာအတွင်း၌ ချေးယူနိုင်ပြီး အတိုးနှုန်းမှာ (၅-၁၀%) အထိဖြစ် ပါသည်။ အပေါင်ခံပစ္စည်း မလို အပ်ပါ။ ဆင်းရဲသားများအတွက် ချေးယူမှု မလွယ်ကူပါ။ ပြန်လည်ပေးဆပ်ရန် ကာလမှာ သတ်သတ် မှတ်မှတ် မရှိပါ။ ထားဝယ်၌ ရွှေပေါင်လျှင် ၂% အတိုးဖြစ် ပါသည်။

## ၂.၅ သဘာဝဘေးအန္တရာယ်လျှော့ချခြင်း အပါအဝင် ပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ်များ စီမံခန့်ခွဲမှု

### ၂.၅.၁ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီဩဇာကြွယ်ဝမှု | သင့် | တောင်ကုန်းများကို ခုတ်ထွင်ရှင်လင်း၍ ရော်ဘာ စိုက်ပျိုးခြင်းကြောင့် မြေဆီလွှာများ မျောပါဆုံးရှုံးခြင်း၊ လယ်မြေများတွင် သဘာဝမြေဩဇာ ပြန်လည် ထည့်သွင်းခြင်း မရှိခြင်း။ |
| အပင်မျိုးစိတ်များ | မြင့် | တောတောင်များရှင်းလင်း၍ ရော်ဘာများ နေရာလပ်မကျန် စိုက်ပျိုးလာခြင်း။ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု | အသင့်အတင့် | ဒေသနည်းများဖြင့်သာ ကာကွယ်မှုများ ပြုလုပ်ခြင်း |
| ရေအရင်းအမြစ် | များ | သတ္တုတွင်းများမှ ဓာတုစွန့်ပစ်ပစ္စည်းများအား ချောင်းအတွင်းသို့ စွန့်ပစ်ခြင်း |
| ငါးမျိုးကွဲများ | များ | သတ္တုတွင်းများမှ ဓာတုစွန့်ပစ်ပစ္စည်းများအား ချောင်းအတွင်းသို့ စွန့်ပစ်ခြင်း |
| အခြားတိရစ္ဆာန်မျိုးကွဲများ | အသင့်အတင့် | စိုက်ပျိုးမြေများချဲ့ထွင်လာခြင်းကြောင့် တိရစ္ဆာန်မျိုးကွဲများ ရှင်သန်ရန် နေရာရှားပါး လာပါသည်။ |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | အသင့်အတင့် | ကြွပ်ကြွပ်အိပ်များ၊ ပလပ်စတစ်ပစ္စည်းများ စည်းကမ်းမဲ့ |

| အခက်အခဲ | အန္တရာယ်ရှိမှု | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| | စွန့်ပစ်ခြင်း | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

စိုက်ပျိုးမြေများသည် မြေဆီဩဇာကြွယ်ဝမှု အသင့်အတင့် ရှိနေပါသည်။ သဘာဝမြေဩဇာကို အနည်းငယ်သာ သုံးစွဲကြပါသည်။ ငါးမျိုးစုံ ရရှိမှုမှာ ယခင်အတိုင်းပင် ရှိနေသေးသော်လည်း ရရှိမှု နည်းပါးလာပါသည်။ လူနေထူထပ်လာမှုကြောင့် သဘာဝ သယံဇာတဖြစ်သည့် ငါးအပေါ်တွင် မှီခိုမှု များပြားလာခြင်း၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်နိုင်သည့် မြေအများအပြား မရှိခြင်းတို့ ကြောင့် ငါးရှားပါးခြင်းနှင့် ဈေးနှုန်းကြီးမြင့်မှုများ ကြုံတွေ့နေရပါသည်။

## ၂.၅.၂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

| အမျိုးအစား | အန္တရာယ်ဖြစ်နိုင်ခြေ (နည်း/ လတ်/များ) | ဖော်ပြချက်/ ရှင်းလင်းချက် | လက်ရှိဘေးအန္တရာယ်လျှော့ချရေး အလေ့အကျင့်များ |
|---|---|---|---|
| ရေလွှမ်းမိုးခြင်း | နည်း | ချောင်းများ ရေစီးရေလာကောင်းမွန်ပြီးလူနေအိမ်များမှာ အမြင့်ပိုင်းတွင်တည်ရှိပါသည်။ | မရှိ |
| မီးဘေး | နည်း | | |
| မုန်တိုင်း | များ | ကမ်းရိုးတန်းဒေသဖြစ်၍ မုန်တိုင်းဖြစ်ပေါ်လျှင်ဆိုးဝါးစွာ ထိခိုက်နိုင်ပါသည်။ | မရှိ |
| ငလျှင် | နည်း | | |
| မိုးခေါင်ခြင်း | နည်း | | |
| အအေးလှိုင်း | နည်း | | |
| ပင့်ကူပင့်ကွ | နည်း | | |
| တိရစ္ဆာန်ရောဂါဖြစ်ပွါးမှု | နည်း | | |
| လူရောဂါဖြစ်ပွါးမှု | လတ် | တစ်ဖက်နိုင်ငံသို့ရွှေ့ပြောင်းလုပ်ကိုင်သူများသဖြင့် ခုခံအားကျဆင်းမှု ရောဂါကဲ့သို့ ရောဂါများဖြစ်နိုင်သည်။ | မရှိ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

သဘာဝဘေးအန္တရာယ်အဖြစ် ထူးထူးခြားခြား ကြုံတွေ့ခဲ့ရခြင်း မရှိပါ။ စမ်းချောင်းရေ

များတွင် ဓာတ်သတ္တု (ခဲမဖြူ၊ အဖြိုက်နက်) တွင်းများမှ အညစ်အကြေးများ၊ ဓာတုပစ္စည်းများ ပါဝင်နေသည့် ဟု ယူဆလျှက် အသုံးမပြုကြပေ။

## ၂.၆ ပညာရေး

### ၂.၆.၁ ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

| ပညာရေး | ကျား | မ | ပေါင်း | ၉ နှစ်နှင့် အထက်၊ ကျောင်းနေ လူဦးရေ၏ % |
|---|---|---|---|---|
| လုံးဝကျောင်းမနေသူများ | ၃ | ၆ | ၉ | ၂.၂၃% |
| ဘာသာရေးအခြေပြုပညာရေး | ၂၈ | ၇ | ၃၅ | ၈.၆၈% |
| မူလတန်းမပြီးဆုံးမီကျောင်းထွက်သူဦးရေ | - | - | - | - % |
| မူလတန်းပညာရေး ပြီးဆုံးသူဦးရေ | ၁၄၂ | ၁၈၁ | ၃၂၃ | ၈၀.၁၆% |
| အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၁၄ | ၁၇ | ၃၁ | ၇.၆၉% |
| အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၀ | ၁ | ၁ | ၀.၂၅% |
| တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ | ၂ | ၂ | ၄ | ၀.၉၉% |
| **၉ နှစ် အထက် လူဦးရေပေါင်း** | **၁၈၉** | **၂၁၄** | **၄၀၃** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

**မှတ်ချက်။** ။ မူလတန်းမပြီးဆုံးမီကျောင်းထွက်သူဦးရေစာရင်းကို ကောက်ယူခဲ့ခြင်း မရှိပါ။

### ၂.၆.၂ ကျောင်းအပ်နှုန်း

ဇယား (၂၈) ကျောင်းအပ်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ % |
|---|---|---|---|---|
| မူလတန်း(၅-၉နှစ်) | ၅၁ | ၂၆ | ၇၇ | ၇၇/ ၅၅ = ၁၄၀% |
| အလယ်တန်း (၁၀-၁၄နှစ်) | ၁၁ | ၂၅ | ၃၆ | ၃၆/ ၅၇ = ၆၃% |
| အထက်တန်း(၁၅-၁၆ နှစ်ကြား) | ၀ | ၃ | ၃ | |
| တက္ကသိုလ်ကျောင်းသား၊သူ | ၁ | ၀ | ၁ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

လက်ရှိမူလတန်း တက်ရောက်နေသူဦးရေမှာ မူလတန်းကျောင်းနေအရွယ် (၅-၉) နှစ် အရေအတွက်နှင့် နှိုင်းယှဉ်လျှင် (၄၀) ရာခိုင်နှုန်း ပိုနေခြင်းမှာ မူလတန်း တက်ရောက်နေသူ အချို့မှာ (၉) နှစ်ထက် အသက်ကြီးနေသောကြောင့် ဖြစ်ပါသည်။ ကျေးရွာမှ မူလတန်းအောင်မြင်ပြီး ၂၃-မိုင်ရွာ အခြေခံပညာ အလယ်တန်းကျောင်းနှင့် ထားဝယ်ရှိ အထက်တန်းကျောင်းများတွင် သွားရောက် ပညာသင်ကြားရပါသည်။

### ၂.၆.၃ စာသင်ကျောင်းဆောင် အခြေအနေနှင့် လက်လှမ်းမီမှု

ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ

| အကြောင်းအရာ | မူလတန်းကျောင်း | အလယ်တန်းကျောင်း |
|---|---|---|
| ရွာမှအကွာအဝေး(ကီလိုမီတာ)<br>သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ရွာအတွင်း | ၂ ကီလို (၂၃ မိုင်ရွာ) |
| စာသင်ကျောင်းအရွယ်အစား<br>(အလျား၊ အနံ၊အမြင့်) | ၆၀–x ၃၀–x ၁၂–<br>( ၂ ဆောင်) | ၆၀–x ၃၀– x ၁၂–<br>၈၀–x ၃၀– x ၁၂– |
| အမိုး၊နံရံ၊အခင်း အရည်အသွေး | -သွပ်မိုး၊ အုတ်နံရံ၊<br>ကွန်ကရစ်ခင်း<br>-သွပ်မိုး၊ ပျဉ်ကာ၊ပျဉ်ခင်း | သွပ်မိုး၊ အုတ်နံရံ၊<br>ကွန်ကရစ်ခင်း |
| ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/မရှိ) | လုံလောက်မှုအားနည်း | |
| ကျောင်းဆရာဦးရေ<br>အစိုးရခန့်<br>ကျေးရွာခန့် | **ကျား** **မ** **ပေါင်း**<br>၅ ၅ | **ကျား** **မ** **ပေါင်း** |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

အခြေခံပညာ မူလတန်းကျောင်းမှာ ၆၀–x ၃၀–x ၁၂–တစ်ထပ် အုတ်ကျောင်းဖြစ်ပြီး ၆၀–x ၃၀–x ၁၂– တစ်ထပ် သစ်သားကျောင်း ဖြစ် ပါသည်။ အလယ်တန်းကျောင်းမှာ ၂ ကီလိုမီတာ ဝေးသော ( ၂၃ မိုင်ရွာ) တွင်ရှိပါသည်။ ကျောင်း ဆရာမ (၅) ဦး၊ ကျောင်းသား စုစုပေါင်း (၁၀၁) ဦး ရှိပါသည်။

## ၂.၆.၄ ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား (၃၀) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ဦးရေ | ဆရာမ (၅)ဦး |
| တပည့် - ဆရာ အချိုး | ၂၀ (ဆရာမ (၅)ဦး နှင့် ကျောင်းသား (၁၀၁) ဦး ရှိသဖြင့် လုံလောက်မှု ရှိပါသည်။ အထွေထွေ လုပ်သား လိုအပ်မှု ရှိပါသည်။ မူလတန်းပြ ဆရာမတစ်ဦးသည် မူကြိုသင်ရ သဖြင့် လုံလောက်မှုမရှိပါ ။ ဆရာဆရာမများမှာ မိမိတို့၏ ကိုယ်ပိုင်အချိန်များကို ဖြည့်၍ သင်ကြားပေး နေရပါသည်။) |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | ၁၀% |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | မရှိပါ ၊ ကျေးရွာတွင် ပိုလီယိုရောဂါ ခံစားနေရ သူ ကလေး (၅) ဦး အနက်(၃) ဦးမှာကျောင်းနေ အရွယ် ကလေးများ ဖြစ်ပါသည်။(၁) ဦးမှာ မူလတန်းပညာ သင်ဖူးပြီး၊ ကျန်(၂) ဦးမှာ ကျောင်းနေဖူးခြင်းမရှိပါ၊<br>မိဘများအနေဖြင့်ကျောင်းထားလိုစိတ်ရှိနေပါသည်။ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကရိယာ | ပြဋ္ဌာန်း၊ ဗလာစာအုပ် ၆ အုပ်၊ လက်ရေးလှ စာအုပ်များကို |

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| | ကျောင်းအပ်နှံရေးနေ့တွင် ပညာရေးဌာနမှ ပံ့ပိုးပေးပြီးဖြစ်ပါသည်။ |
| ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု | World Vision မှ ချို့တဲ့သော ကျောင်းသားများအတွက် ကျောင်းဝတ်စုံ၊ ကျောပိုးအိတ်၊ ထီး ၊ မိုးကာ၊ ကျောင်းသုံးစာအုပ်များကို ပံ့ပိုးပေးခဲ့ပါသည်။ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ပူးပေါင်းဆောင်ရွက်မှု အသင့်အတင့် ကောင်းပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

စာသင်ကျောင်းအတွက် သောက်သုံးရေကို စိမ့်စမ်းရေသွယ်စနစ်ဖြင့် (၁) မိုင်ခွဲအကွာမှ ရရှိပါသည်။ ကျောင်းအတွက် သောက်သုံးရေမှာ တစ်နှစ်ပတ်လုံး လုံလောက်မှုရှိပါသည်။ ကျောင်းအိမ်သာ (၂) လုံးတွဲ (၄) ခန်းရှိ၍ ယင်လုံအိမ်သာဖြစ်ပြီး ကွန်ကရစ်ခင်း၊ သွပ်မိုးကာ ဖြစ်ပါသည်။ ကောင်းမွန်ပြီး ကျောင်းသားဦးရေနှင့် လုံလောက်မှု ရှိပါသည်။

ကျောင်းသုံးပရိဘောဂများ အနေဖြင့် ကျောင်းဗီဒို၊ စာရေးစားပွဲနှင့် (၃) ဦးထိုင် ခုံအစုံ (၂၀) လိုအပ်နေပါသေးသည်။ ယခုလက်ရှိတွင် ခုံအဟောင်းများကို ပြန်လည်ပြုပြင်ခြင်းဖြင့်၊ ကျပ်သိပ်စွာဖြင့် ဖြေရှင်းနေကြပါသည်။

ဆရာမ(၅) ဦး စလုံးမှာ ကျေးရွာတွင်းမှ မဟုတ်ကြပေ။ (၃) ဦးမှာ ညအိပ်ညနေ အိပ်ကြသူများဖြစ်သည်။ ဝန်ထမ်းများ၏အိမ်ရာမှာ တောင်ထန်းမိုး ထရံကာဖြစ်ပြီး ယိုယွင်းပျက်စီးနေသဖြင့် ဝန်ထမ်း ဆရာမများအတွက် လုံခြုံမှု မရှိပေ။ ယခုအခါတွင် ဆရာမ (၂) ဦးမှာ နယ်ပြောင်းရန်ရှိပြီး ကျေးရွာလူထုအနေဖြင့်လည်း ဝန်ထမ်းအိမ်ရာ ကောင်းမွန်မှုမရှိခြင်းကြောင့် ဝန်ထမ်းများအနေဖြင့် ကျေးရွာ သို့ လာရောက်လိုသည့်စိတ် လျော့နည်းမည်ကိုလည်း စိုးရိမ်ပူပန်နေရပါသည်။

## ၂.၇ ကျန်းမာရေး နှင့် အာဟာရ

### ၂.၇.၁ အဖြစ်များသောရောဂါများ

ဇယား (၃၁) အဖြစ်များသော ရောဂါများ

| | | | |
|---|---|---|---|
| ၁.သွေးလွန်တုပ်ကွေး | ၂.ငှက်ဖျား | ၃. | ၄. |
| ၅. | ၆. | ၇. | ၈. |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာတွင် ငှက်ဖျားရောဂါမှာ အဖြစ်များသဖြင့် ငှက်ဖျားရောဂါကာကွယ်ရေး အစီအစဉ်များကိုလည်း ဖွံ့ဖြိုးရေးအဖွဲ့များမှ ပံ့ပိုးပေးထားပြီး၊ ငှက်ဖျားပိုးလည်း ကျေးရွာတွင်းပင် စစ်ဆေးနိုင်ပါသည်။ ကျေးရွာတွင်း ကျန်းမာရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများကို တစ်နှစ်လျှင် နှစ်ကြိမ်ခန့်ပြုလုပ်သော်လည်း ကျေးရွာသူရွာသားများအနေဖြင့် စိတ်ပါဝင်စားမှုနှင့် အလေးထားမှုအားနည်းကြပါသည်။

## ၂.၇.၂ ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (ကီလို) | အခန်း/ ကုတင် (လုံလောက်မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံး အဆောင်ပစ္စည်း များ (လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးလက် ကျန်းမာရေး ဌာန(ခွဲ) | ကျေးရွာ အတွင်း | လုံလောက်မှု မရှိ | သားဖွားဆရာမ (၁) ကြီးကြပ်(၁) | လုံလောက်မှုမရှိ | သားဖွားဆရာမ မှာ ဌာနမှချ ထားပေးခြင်း မရှိချေ။ |
| ဆေးရုံ | ၃၇ ကီလို (ထားဝယ်) | ရှိ | ဆရာဝန်.......... သူနာပြု........ သားဖွားဆရာမ.. | လုံလောက်မှုရှိ | |
| ဆေးဆိုင် | ၃၇ ကီလို (ထားဝယ်) | ရှိ | ဆေးဝါးကျွမ်းကျင်သူ | လက်လှမ်းမီမှု ဆေးဝါး-လုံလောက် သိုလှောင်ပုံစနစ် အအေးခန်းစနစ်-ရှိ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာတွင်းတွင် ကျေးလက်ကျန်းမာ ရေးဌာနခွဲရှိပြီး ထိခိုက်၊ ရှနာ၊ နာဖျား၊ မွေးဖွားကိစ္စရပ် အားလုံးကို ကျေးရွာအတွင်းတွင်ပင် လုပ်ဆောင်ပေးနိုင်သည်။ အသက်အန္တရာယ် သေဆုံးသည့် အရေးပေါ်ကိစ္စရပ်များမရှိပါ။ ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရန်အတွက် သားဆက်ခြားခြင်းကဲ့သို့သော သင်တန်းများကို အိမ်ထောင်သည်များ၊ ကိုယ်ဝန်သည်များအပြင် အရွယ်ရောက်ပြီးသူ အမျိုးသမီးများအား ပေးသင့်ကြောင်း၊ ကလေးသူငယ် ပြုစုစောင့်ရှောက်ရေး ကဲ့သို့သော ဆွေးနွေးပွဲများကိုလည်း ပြုလုပ်ပေးသင့်ကြောင်း အကြံပြုကြပါသည်။

## ၂.၇.၃ သောက်သုံးရေရရှိမှု

ဇယား (၃၃) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေအတွက် | အကောင်း /အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | ၇ | ကောင်း | ရှိ | ရှိ | ရှိ | |
| အဝီစိတွင်း | | | | | | |
| အဝီစိတွင်း၊ စက်တွင်း | | | | | | |
| ကန် | | | | | | |
| မြစ်/ချောင်း | | | | | | |
| မိုးရေသိုလှောင်ကန် | | | | | | |
| စိမ့်စမ်းရေသွယ်တန်းခြင်း | ၂ | ကောင်း | ရှိ | ရှိ | ရှိ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၂ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

စမ်းချောင်းမှရေကို ရေဖြန့်ဝေသည့်စနစ်ဖြင့် အိမ်တိုင်ရာရောက် အသုံးပြုနိုင်သည်။ World Vision မှ ဂါလံ (၅,၀၀၀) ဆန့် အုတ်ကန် (၂) ခုနှင့် ကိုယ်ထူကိုယ်ထဖြင့် အုတ်ကန် (၂) လုံး ရှိပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေစစ်ကန် (၂) ခုနှင့် ဂါလံ (၅,၀၀၀) ဆန့် တစ်လုံး ဆောက်လုပ်ရန် အစီအစဉ် ရှိပါသည်။ ကျေးရွာရေကော်မတီမှာ ရေပိုက်လိုင်းများအား ကြီးကြပ်မှု အားနည်းကြပြီး ရေရှည်ထိန်းသိမ်းသည့် စနစ်များ မရှိကြချေ။ စမ်းချောင်းရေများ မှာလည်း ဓာတ် သတ္တု (ခဲမဖြူ၊ အဖြိုက်နက်) တွင်းများမှ အညစ်အကြေးများ၊ ဓာတုပစ္စည်းများ ပါဝင်နေသည့်ဟု ယူဆလျှက် အသုံးမပြုကြပေ။

### ၂.၇.၄ သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေ အတွက်)

ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ

| သုံးစွဲနိုင်သော အိမ်သာအမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ယင်လုံအိမ်သာ | ၉၀ | |
| ကျင်းအိမ်သာ | ၂၆ | ကျန်းမာရေးဗဟုသုတအားနည်း၍ ဝင်ငွေနည်းသော အိမ်ထောင်စုများ |
| တောထိုင် | ၇ | ကျန်းမာရေးဗဟုသုတအားနည်း၍ ဝင်ငွေနည်းသော အိမ်ထောင်စုများ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

ယင်လုံအိမ်သာ (၉၀) ကို သုံးစွဲလျှက် ရှိပြီး၊ ကျန်းမာရေးဗဟုသုတအားနည်း၍ ဝင်ငွေနည်း သော အိမ်ထောင်စု (၂၃) စုမှာ ကျင်းအိမ်သာနှင့် (၇) စုမှာ တောထိုင် ကြပါသည်။

## ၂.၈ လမ်းတံတား အခြေအနေ

### ၂.၈.၁ ကျေးရွာ၏ လမ်းတံတား တည်ရှိမှု

ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ

| လမ်းတံတား အမျိုးအစား | အမျိုးအစား (၁၊၂၊၃) | ကောင်း /ဆိုး | တည်ဆောက်ခဲ့သော နှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် (ကီလိုမီတာ) |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်း ရာသီ | တစ်နှစ် ပတ်လုံး | |
| ရွာတွင်းလမ်း | မြေသားလမ်း | သင့် | | သုံး | | ၁.၂ ကီလို |
| ချဉ်းကပ်လမ်း | ကားလမ်း | ကောင်း | | | သုံး | ၃၇ ကီလို (ထားဝယ် -ထီးခီး လမ်းပေါ်တွင် တည်ရှိ) |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

ကျေးရွာမှာ ထားဝယ်-ထီးခီး လမ်းနံဘေးတွင် တည်ရှိသဖြင့် ချဉ်းကပ်လမ်းအတွက် ပြဿနာ မရှိလှပါ။ ရွာတွင်း၌လမ်းများမှာ အမှတ် (၁) ရပ်ကွက်တွင် ၂ ဖာလုံ ခန့်ရှည်သော လမ်းသွယ် (၁) လမ်း၊ အမှတ် (၂) ရပ်ကွက် တွင် ၂ ဖာလုံ ခန့်ရှည်သော လမ်းသွယ် (၁) လမ်း၊ အမှတ် (၃) ရပ်ကွက် တွင် ၄ ဖာလုံခန့်ရှည်သော လမ်းသွယ် (၁) လမ်း၊ အမှတ်(၄) ရပ်ကွက်တွင် ၅ ဖာလုံ ခန့်ရှည်သော လမ်း သွယ် (၁) လမ်း၊ စုစုပေါင်း (၄) လမ်းရှိ ပါသည်။ လမ်းသွယ်အားလုံးမှာ မြေနီလမ်းများ ဖြစ်ကြပြီး၊ ကား၊ ဆိုင်ကယ်များ သွားလာရန် ခက်ခဲမှုရှိပြီး မိုးရာသီ၌ အလွန်ဆိုးဝါးပါသည်။ အမှတ် (၁) နှင့် အမှတ် (၂) ရပ်ကွက်ရှိ လမ်းများမှာ ပို၍ ဆိုးရွားပါသည်။

| လမ်းတံတား အမျိုးအစား | အရွယ်အစား | ကောင်း/ ဆိုး | တည်ဆောက် ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်း ရာသီ | တစ်နှစ်ပ တ်လုံး |
| ဆိပ်ခံတံတား | မရှိ | | | | |
| တံတား | ၁-ရပ်ကွက်(၃) ၁၂– x ၆၀–ဝါးတံတား | ဆိုး | ၂၀၁၃ | | သုံး |
| | ၂-ရပ်ကွက်(၆) ၁၂– x ၁၀– သစ်သားတံတား | သင့် | ၂၀၀၅ | | သုံး |
| | ၃-ရပ်ကွက်(၆) ၁၂– x ၇– အုန်းတုံးတံတား | ဆိုး | | | သုံး |
| ကြိုးတံတား | မရှိ | | | | |
| ရေပြွန် | မရှိ | | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

### ၂.၈.၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (ကီလိုမီတာ) | ယာဉ် အမျိုးအစား | ရာသီအလိုက်သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| မြစ်ကြောင်း | မရှိ | | | |
| ပင်လယ်ရေကြောင်း | မရှိ | | | |

၁ “ လှေ၊သမ္ဗာန် ၂ - မော်တော် ၃ - သင်္ဘော

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

## ၂.၈.၃ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | စက်လှေ | လှေ၊ သမ္ဗာန် | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ | ဘတ်စ်ကား | မြင်းလှည်း |
|---|---|---|---|---|---|---|---|
| အရေအတွက် | မရှိ | မရှိ | ၁၀ | ၅၈ | ရှိ | ၈ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

## ၂.၉ လျှပ်စစ်မီး ရရှိမှု

ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ

| အရင်းအမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | | | |
| ဆိုလာစနစ် | ၄၀ | သင့် (ကျေးလက်ဦးစီးမှ ပံ့ပိုးထားပြီး ပိုင်ရှင်များမှ ထိန်းသိမ်း | မိုးရာသီ နေရောင်ကောင်းစွာ မရ |
| အသေးစားရေအားလျှပ်စစ် | | | |
| ဒီဇယ်သုံးအင်ဂျင် | ၃၀ | | ဦးခင်မောင်အေးအိမ်နှင့် ဘုန်းတော်ကြီးကျောင်းမှ ဒီဇယ်အင်ဂျင်ဖြင့် မီးပေး |
| လေစွမ်းအင် | | | |
| ဇီဝလောင်စာ | | | |
| ဖယောင်းတိုင် | ၅၃ | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာအတွင်းရှိ အိမ်တစ်အိမ်မှ ဒီဇယ်အင်ဂျင်ဖြင့် အိမ် (၂၀) ခန့်ကို လျှပ်စစ်မီးပေး ပါသည်။ အိကြာကွေး မီးသီး (၁) လုံး၊ တီဗွီ၊ ဘုရားမီး အတွက်တစ်လလျှင် (၁၂,၅၀၀) ကျပ် ပေးရ ပါသည်။ အိမ်မီး အလင်းရောင်အတွက် တစ်လလျှင် (၄,၅၀၀) ကျပ်ပေးရပါသည်။ ဘုန်းတော်ကြီးကျောင်းမှလည်း အိမ် (၁၀) ခန့်ကို လျှပ်စစ်မီးပေး ပါသည်။ ဆိုလာမီးကို အိမ် (၄၀) ခန့် အသုံးပြု ပါသည်။ ကျန်အိမ်ထောင်စုများမှာ ဖယောင်းတိုင်မီး၊ ဒီဇယ်မီးခွက်များကို အသုံးပြုကြ ပါသည်။ ဆိုလာမီးများကို သုံးစွဲနိုင်ရန် အဆိုပြုကြ ပါသည်။

## ၂.၁၀ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | အင်တာနက် | သတင်းစာနှင့်ဂျာနယ် | အခြား |
|---|---|---|---|---|---|---|
| အရေ အတွက် | ၁၁ | ၄၁ | ၄၂ | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာတွင် CDMA ဖုန်းသာ ဆက်သွယ်နိုင်ပါသည်။ ဖုန်းတာဝါတိုင်ဆောက်ရန် ကမ်းလှမ်းမှု ရှိသော်လည်း ကျေးရွာ ညီညွတ်မှု မရှိ၍ ဆောက်လုပ်ရန် မဖြစ်နိုင်ပါ ။

## ၂.၁၁ ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၀) ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| လုပ်ငန်း | ရှိ/ မရှိ | ဝန်ဆောင်မှု |
|---|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု | မရှိ | ဗွီဒီယိုရုံ |
| လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | လူမှုရေးပွဲများတွင် ဝန်ဆောင်မှုများ ပေးခြင်း |
| ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | ဘာသာရေးပွဲများတွင်ဝန်ဆောင်မှုများပေးခြင်း |
| အားကစားပစ္စည်းများအားလက်လှမ်းမီမှု | မရှိ | ကျေးရွာအားကစားကွင်း၊ အားကစားပြိုင်ပွဲ၊ စသည် တိုင်းတွင် ပါဝင်ခွင့် |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | ကျေးရွာအဖွဲ့အစည်းများတွင်ကိုယ်စားလှယ်အဖြစ် ပါဝင်ခြင်း၊စေတနာအကျိုးဆောင်အဖြစ်ဆောင်ရွက် ခြင်း |
| ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး | မရှိ | ရိုးရာယဉ်ကျေးမှုထိမ်းသိမ်းလိုစိတ်ဖြစ်ပေါ်စေရေး အတွက်လိုအပ်သော အထောက်အပံ့များ |
| စာကြည့်တိုက်၊အင်တာနက်စသည်များ အားလက်လှမ်းမီမှု | မရှိ | စာကြည့်တိုက်၊အင်တာနက်၊ဂျာနယ် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာဘောလုံးကွင်း ပြုလုပ်ထားသော်လည်း ရေတိုက်စားခြင်းကြောင့် ပျက်စီးလျှက် ရှိနေပါသည်။ လူငယ်များမှာ ကျေးရွာ၏ လူမှုရေးပွဲများ၊ ဘာသာရေးပွဲများတွင် အမြဲပါဝင်လျှက် ရှိပါသည်။ လူငယ်တို့အတွက် သီးသန့်ပြုလုပ်ပေးသော ပွဲများမရှိပါ။ ယဉ်ကျေးလိမ္မာ သင်တန်းများ ပို့ချပေးလျှက် ရှိပါသည်။

## ၂.၁၂ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်း လုံခြုံရေး အခြေအနေ

### ၂.၁၂.၁ လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှိ/ မရှိ | ရှင်းလင်းချက် |
|---|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦများအား လက်လှမ်းမီမှု | မရှိ | ဆက်သွယ်ရေး network၊ အများသုံး တယ်လီဖုန်း |
| အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု | မရှိ | ကျန်းမာရေးအာမခံ၊ အသက်အာမခံ စသည် |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ် | မရှိ | ကြိုတင်သတိပေးစနစ်၊ သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲရေး ကော်မတီ၊ |
| ရဲစခန်းများအား လက်လှမ်းမီမှု | မရှိ | သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ်များ၊ ရဲစခန်းမှ လုံခြုံရေး အကူအညီများ ရရှိမှု |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ဘေးကင်းလုံခြုံရေးအတွက် မည်သည့်အဖွဲ့ မည်သည့်ဌာနမှ သင်တန်းပေးခြင်း ကြိုတင်စီမံပေးခြင်း မရှိပါ။ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် အတွက် ရေဒီယို၊ တီဗွီတို့မှ သိရှိရပါသည်။ ထားဝယ်မြို့တွင် ရဲစခန်း တည်ရှိပါသည်။

## ၂.၁၂.၂ မှုခင်းဖြစ်ပွားမှု

ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| ပြင်းထန်/မထန် | ၂ | ၂ | ၂ | ၂ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁-၂ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

Note: ၁။ စိုးရိမ် ၂။ သာမာန်

ကျေးရွာအတွင်း မိသားစုများကြား သာမန် သဘောထား မတိုက်ဆိုင်မှုများကြောင့် တင်းမာမှု အနည်းငယ်သာ ရှိပါသည်။ ကြီးကြီးမားမား မှုခင်းဖြစ်ပွားမှု မရှိပါ။

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

| ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ | ရှင်းလင်း ဖော်ပြချက်များ |
|---|---|
| **လူသား အရင်းအမြစ်**<br>• အလုပ်လုပ်နိုင်သူဦးရေ များပြားခြင်း<br>• လူကြီးလူငယ် လက်တွဲဆောင်ရွက်တတ်သော အလေ့အထကောင်းများ ရှိခြင်း | • ဝကုန်းကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ စုစုပေါင်းမှာ ကျား (၁၄၂) ဦး နှင့် မ (၁၅၆) ဦး၊ စုစုပေါင်း (၂၉၈) ဦးဖြစ်ပြီး ကျေးရွာလူဦးရေ၏ (၅၈.၄၃)% ရှိပါသည်။ အလယ်တန်းပညာရေးအထိပြီးဆုံးသူ တဖြည်းဖြည်း များပြားလာသော်လည်း အထက်တန်းနှင့် အဆင့်မြင့် ပညာများအတွက်မူ ဝေးလံခြင်းကြောင့် တက်ရောက်နိုင်သူ နည်းပါးရခြင်းဖြစ်ပါသည်။ သို့သော်လည်း ယခင်ကာလများနှင့်ယှဉ်လျှင် မူလတန်းနှင့်အလယ်တန်း ပညာပြီးဆုံးသူ တဖြည်းဖြည်းများလာခြင်းကြောင့် အနာဂတ်ကာလတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအား အရင်းအမြစ်များ ရှိနေပါသည်။<br>• ကျေးရွာ၏ အုပ်ချုပ်ရေးကဏ္ဍတွင် လူကြီး၊ လူငယ်လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်း လုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ်ကာလအတွက် အားရဖွယ်ရာပင် ဖြစ်သည်။ |
| **သီးနှံ ထုတ်လုပ်ရေး**<br>• နှစ်ရှည်၊ ဥယျာဉ်ခြံသီးနှံများ ဖြစ်ထွန်း အောင်မြင်ခြင်း<br>• သွင်းအားစု ထည့်သွင်းသည့် စရိတ်များ နည်းပါးခြင်း<br>• ကွမ်းသီးပျိုးပင်များ ထုတ်လုပ်ရောင်းချခြင်း | • ဝကုန်းကျေးရွာတွင် ကွမ်းသီး၊ရော်ဘာ စသည့် နှစ်ရှည်ပင်များ စိုက်ပျိုးကြရာဒေသနှင့် ကိုက်ညီဖြစ်ထွန်းသောကြောင့် ပိုးမွှား ရောဂါကျရောက်မှု နည်းပါးခြင်းနှင့် သွင်းအားစု ထည့်သွင်းသည့်စရိတ်များ နည်းပါးခြင်းတို့ကလည်း စိုက်ပျိုးရေးနှင့် ပတ်သက်၍ ကုန်ကျမှုကို သက်သာစေပါသည်။<br>• ကွမ်းသီးပျိုးပင်များ ထုတ်လုပ်ရောင်းချခြင်းမှ အကျိုးအမြတ်များ ရရှိနေပါသည်။ |
| **တိရစ္ဆာန် မွေးမြူရေး**<br>• ဈေးကွက် အလားအလာ ကောင်းခြင်း | • ဝကုန်းကျေးရွာသည် ထားဝယ်-ထီးခီးလမ်းမနံဘေးတွင် တည်ရှိခြင်းကြောင့် မိမိတို့ကျေးရွာနှင့် သင့်တော်သော တိရစ္ဆာန်များကို စမ်းသပ်မွေးမြူ၍ အောင်မြင်လာပါက ထားဝယ်နှင့် နယ်စပ်ဒေသသို့ တင်ပို့ရောင်းချနိုင်မည့် အခွင့်အလမ်းများ ရှိပါသည်။ |
| **စိုက်ပျိုး မွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**<br>• ထားဝယ်-ထီးခီးလမ်းမ နံဘေးတွင် တည်ရှိခြင်း<br>• မိမိဒေသတွင်သာ လုပ်ကိုင်လိုသည့် လူငယ်များ ရှိနေခြင်း | • ထို့အပြင် ဝကုန်းကျေးရွာသည် ထားဝယ်မြို့နှင့် နီးကပ်နေသည့် သာမက ထားဝယ်-ထီးခီး (ထိုင်းနိုင်ငံနယ်စပ်သို့ သွားရာလမ်း ) ကြောင့် ဒေသထွက်ကုန်များကို ဆိုင်ခင်းရောင်းချခြင်း၊ ဝပ်ရှော့ (ကား)၊ ဆိုင်ကယ်ပြင်ဆိုင်၊ စသည်ဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများပြုလုပ်နိုင်သဖြင့် အလွှာအသီးသီးအတွက် အကျိုးဖြစ်ထွန်းနိုင်မည့် အခွင့်အလမ်းများ ဖြစ်ပါသည်။<br>• ၎င်းအပြင် မိမိတို့ဒေသတွင်းပင် လုပ်ကိုင်လိုစိတ် ရှိကြသည့် လူငယ်များ ရှိနေခြင်းကလည်း ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး အတွက် အင်အားတစ်ခုပင် ဖြစ်သည်။ |

| ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ | ရှင်းလင်း ဖော်ပြချက်များ |
|---|---|
| **ပညာရေး**<br>• ကျောင်းသားမိဘများမှ ကလေးများ၏ ပညာရည် တိုးတက်ရေး အလေးထား လာကြခြင်း<br>• အထက်တန်းပညာ သင်ယူရန် လက်လှမ်းမှီလာခြင်း | • ဝကုန်းကျေးရွာတွင် အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် မူလတန်းအဆင့် တက်ရောက်သင်ယူသူ ဦးရေများပြားလာခြင်း၊ ကျောင်းသားမိဘများမှ မိမိတို့ကလေးများအား ပညာရေးတွင် ပိုမို အလေးထား သင်ကြားလာစေခြင်း၊ အလယ်တန်းနှင့် အထက်တန်းပညာများကို တဖြည်းဖြည်း လက်လှမ်းမီလာခြင်း တို့သည်ကျေးရွာ၏ပညာရေးကဏ္ဍ တိုးတက်လာစေရေးအတွက် အလားအလာကောင်းများဟု ဆိုနိုင်ပေသည်။ |
| **ကျန်းမာရေး**<br>• ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ရှိခြင်း | • ဝကုန်းကျေးရွာတွင် အငြိမ်းစားသားဖွားဆရာမ(၁)ဦးရှိ၍ ကလေးမီးဖွားသည့် ကိစ္စများအတွက် အကူအညီများ ရရှိနိုင်ပြီး လျှင် ကျေးလက်ကျန်းမာရေးဌာန (ခွဲ) ရှိသောကြောင့် အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိနေပါသည်။ |
| **ရေ အရင်းအမြစ်**<br>• သောက်သုံးရေ အရင်းအမြစ်ကောင်း ရှိခြင်း | • ဝကုန်းကျေးရွာတွင် သောက်သုံးရေကို စမ်းချောင်းမှတဆင့် ဂါလံ (၅,၀၀၀) ဆံ့ရေကန်ဖြင့် ကျေးရွာရှိ အိမ်များအား သွယ်တန်းပေးထားလျှက်ရှိသည့်အပြင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှလည်း နောက်ထပ်ဂါလံ(၅၀၀၀)ဆံ့ ရေကန်တစ်ကန်နှင့် ရေစစ်ကန်(၂)ကန်အား ထပ်မံဆောက်လုပ်ပေးမည့် အစီအစဉ်များရှိရာ သောက်သုံးရေအတွက် ဖူလုံလာတော့မည် ဖြစ်ပါသည်။ |
| **လမ်း၊ တံတား**<br>• ကျေးရွာချင်းဆက် လမ်း၊ တံတား များ ကောင်းမွန်ခြင်း | • ဝကုန်းကျေးရွာသည် ထားဝယ်-ထီးခီး ကားလမ်းနံဘေးတွင် တည်ရှိခြင်းကြောင့် အခြားကျေးရွာများနှင့် ဆက်သွယ်သော ချဉ်းကပ်လမ်းများနှင့်တံတားများ အတော် ကောင်းမွန်ပါသည်။ ထို့အပြင် ကျေးရွာအတွင်း လမ်းများမှာလည်း မိုးရာသီမှလွဲ၍ ကျန်ကာလများတွင် ဆက်သွယ်သွားလာနိုင်ရာ လမ်း၊ တံတား ကဏ္ဍနှင့်ပတ်သက်လျှင် အခက်အခဲများစွာမရှိသော ကျေးရွာ တစ်ရွာ ဖြစ်ပါသည်။ |
| **လူငယ် နှင့် ယဉ်ကျေးမှု**<br>• လူငယ်များတွင် ရပ်ရွာဖွံ့ဖြိုးရေး လုပ်လိုသော စိတ်ထားများ ရှိခြင်း | • ကျေးရွာတွင် လူငယ်များသည် လူငယ်အသင်းအဖွဲ့အနေဖြင့် ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် ပါဝင်မှုရှိကြပြီး ကျေးရွာလူကြီးများ၏ လမ်းညွှန်မှုများအတိုင်း ဝေယျာဝစ္စ လုပ်ခြင်း၊ လုပ်အားပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။ ကျေးရွာရှိအိမ်ထောင်စုများသည် ဆွေမျိုးမကင်းကြသူများနှင့်နှစ်ရှည်လများ အတူတကွ နေထိုင်လာကြသူများ ဖြစ်ကြပြီး ကြီးကြီးမားမားမှုခင်းများ ဖြစ်ပွားမှုနည်းပါးခြင်းကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အခွင့်အလမ်းတစ်ရပ်လည်းဖြစ်သည်။ |

ဇယား (၄၄) ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

| ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ | ရှင်းလင်း ဖော်ပြချက်များ |
|---|---|
| **အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး**<br>• အဖွဲ့အချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှု အားနည်းနေခြင်း<br>• အဖွဲ့အစည်းများ စွမ်းရည်မြှင့်တင်ရန် လိုအပ်ခြင်း | • ဝကုန်းကျေးရွာတွင် ဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ကျေးရွာအတွင်းအဖွဲ့များ ရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှ လွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စုစည်းလုပ်ဆောင်ချက်များတွင် အားနည်းမှု ရှိပါသည်။ ကျေးရွာလူထုအနေဖြင့် မြို့နယ်ရှိဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အတွေ့အကြုံနည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့် ဝန် ဆောင်မှု အဖွဲ့များနှင့် အလှမ်းဝေးခြင်း စသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှု တစ်ရပ်ဖြစ်သည်။ |
| **သီးနှံ ထုတ်လုပ် ရေး**<br>• တိုးချဲ့စိုက်ပျိုးရန် နေရာများ မရှိတော့ခြင်း<br>• ရော်ဘာဈေးနှုန်း ကျဆင်းနေခြင်း<br>• နှစ်ရှည်သီးနှံအတွက် ချေးငွေ ထုတ်ချေးပေးမည့် မူဝါဒ မရှိခြင်း | • ကျေးရွာတွင် မြေယာ တိုးချဲ့စိုက်ပျိုးရန် မြေယာဖော်ထုတ်မည့် နေရာများ မရှိသောကြောင့် ဆင်းရဲသား မိသားစုများအတွက် စိုက်ပျိုးထုတ်လုပ်ခြင်းမှ ဝင်ငွေရရှိမည့် အခွင့်အလမ်း နည်းပါးသွားပြီ ဖြစ်ပါသည်။<br>• ဝကုန်းကျေးရွာတွင် အဓိကစိုက်ပျိုးသော သီးနှံများမှာ ကွမ်းသီးနှင့် ရော်ဘာဖြစ်ရာ ဒေသနှင့်သင့်တော်၍ ဖြစ်ထွန်းလွယ်သည့် နှစ်ရှည်သီးနှံပင်များဖြစ်သောကြောင့် သွင်းအားစုများ ထပ်မံထည့်သွင်းရမည့် နည်းပညာများအား ပြောင်းလဲကျင့်သုံးနိုင်ရန် ခက်ခဲခြင်း၊ သီးနှံဈေးနှုန်းများကျဆင်းနေခြင်းကြောင့် စိတ်ပါ ဝင်စားရန် ခက်ခဲခြင်းတို့အပြင် နိုင်ငံတော်အစိုးရနှင့် အခြား ချေးငွေဝန်ဆောင်မှု အသင်းအဖွဲ့များမှ နှစ်ရှည်သီးနှံများနှင့် ပတ်သက်ပြီး ချေးငွေများ ထုတ်ယူနိုင်မည့် မူဝါဒများ သတ်မှတ်နိုင်မှု မရှိသေးခြင်းများကလည်း သီးနှံများ တိုးမြှင့် ထုတ်လုပ်မှုကို အဟန့်အတားများ ဖြစ်စေပါသည်။ |
| **တိရစ္ဆာန် မွေးမြူရေး**<br>• မွေးမြူရေး နည်းပညာဝန်ဆောင်မှု အကန့်အသတ် ရှိခြင်း<br>• ဈေးကွက် သဘောတရားများ နားလည်မှု အားနည်းခြင်း | • ရောဂါ ဖြစ်ပွားမှုကို အချိန်မီ မကာကွယ်နိုင်ခြင်း၊ မထိန်းချုပ်နိုင်ခြင်း၊ မွေးမြူရေး နည်းပညာဝန်ဆောင်မှု အကန့်အသတ်ရှိခြင်းတို့အပြင် မွေးမြူရေးဈေးကွက် သဘောတရားများနှင့် ချိတ်ဆက်မှု ကွင်းဆက်များအား နားလည်မှု မရှိခြင်းကြောင့် ဝကုန်းကျေးရွာ၌ မွေးမြူရေးကဏ္ဍတွင် ကျယ်ကျယ်ပြန့်ပြန့် မွေးမြူလာကြရန် မဝံ့မရဲ ဖြစ်နေ ကြပါသည်။ |
| **စိုက်ပျိုး မွေးမြူ ရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**<br>• အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်မှု အားနည်းခြင်း<br>• ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရန် နည်းပညာများ အားနည်းခြင်း<br>• အရင်းအနှီး မလုံလောက်ခြင်း | • စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစုများမှာ အသက်မွေးဝမ်းကျောင်း ပညာများ တတ်မြောက်မှု အားနည်းခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းအတွက် နီးစပ်ရာကျေးရွာများ၊ အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်ရခြင်း၊ ကုန်ကြမ်းမှကုန်ချောထုတ်လုပ်ရန် နည်းပညာများ မသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန်အတွက် လိုအပ် သည့် အချိန်တွင် လိုအပ်သလောက် ချေးငွေ ရရှိရန် အကန့် အသတ်များ ရှိခြင်း စသည်တို့ကလည်း လိုအပ်ချက်များ ရှိနေဆဲ ဖြစ်သည်။ |

| ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ | ရှင်းလင်း ဖော်ပြချက်များ |
|---|---|
| **ဈေးငွေ ဝန်ဆောင်မှု**<br>• နှစ်ရှည်ပင် သီးနှံများအတွက် ဈေးငွေ မူဝါဒ မရှိသေးခြင်း | • ဝကုန်းကျေးရွာတွင် စပါးအပြင် အခြားသီးနှံများအတွက် ဈေးငွေဝန်ဆောင်မှု အစီအစဉ်မှာလည်း နိုင်ငံ၏ မူဝါဒများအရ ဈေးငွေကို ခံစားခွင့်ရရှိနိုင်ခြင်း မရှိသဖြင့် ဤကျေးရွာ၏ စိုက်ပျိုးထုတ်လုပ်သော တောင်သူများ အနေဖြင့် လုံလောက်သော ဈေးငွေကို လက်လှမ်းမီရန် အခက်အခဲ ရှိနေအုံးမည် ဖြစ်ပါသည်။ |
| **ကျန်းမာရေး**<br>• အိမ်ထောင်စုအချို့သည် ကျန်းမာရေး ဗဟုသုတအားနည်းခြင်း | • ကျေးရွာ၏ ကျန်းမာရေးကဏ္ဍတွင် အိမ်ထောင်စုအချို့သည် ကျန်းမာရေး ဗဟုသုတအားနည်းသဖြင့် ယင်လုံအိမ်သာကို စနစ်တကျ သုံးစွဲတတ်သည့် အလေ့အထ မရှိသောကြောင့် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်းနှင့် လိုက်နာကျင့်သုံးသည့် အလေ့အထများ အားကောင်းလာစေရန် နည်းပညာပေး အဖွဲ့အစည်းများနှင့် ချိတ်ဆက်ကြရမည် ဖြစ်ပါသည်။ |
| **လမ်း၊ တံတား**<br>• ကျေးရွာတွင်း လမ်း၊ တံတားများ အဆင့်မြှင့်တင်ရေးအတွက် ငွေအင်အား မတတ်နိုင်ခြင်း | • ကျေးရွာအတွင်းရှိ လမ်း၊ တံတားများ အဆင့်မြှင့်တင်ရေး အတွက် ကျေးရွာလူထုမှ မတည်ငွေလိုအပ်ခြင်း၊ ငွေအားဖြင့် ပူးပေါင်းပါဝင်ရန် မတတ်နိုင်ခြင်း တို့အတွက် စိတ်ဝင်စားသော အလှူရှင်များ၊ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်နေပါသည်။ |
| **လူငယ် နှင့် ယဉ်ကျေးမှု**<br>• လူငယ်များအတွင်း ခေါင်းဆောင်မှု စွမ်းရည် အားနည်းနေခြင်း | • ကျေးရွာ၏ ဓလေ့မှာ ဘွဲ့ရပြီးသူနှင့် လူကြီးများသာ ခေါင်းဆောင် တင်မြှောက်ရန် စဉ်းစားလေ့ ရှိသဖြင့် ခေါင်းဆောင်မှု အပိုင်းတွင် စိတ်ပါဝင်စားမှု ရှိသော်လည်း လူငယ်များမှာ နောက်ကျန် နေကြရသည်။ ထို့ကြောင့် လူငယ်များအား အဖွဲ့အစည်း များအတွင်း လုပ်ကိုင်နိုင်သည့် အရည်အသွေး များမြှင့်တင်ခြင်း၊ လက်တွဲခေါ်ယူ လုပ်ကိုင်စေခြင်းစသည့် နည်းလမ်းများရှိသော်လည်း လူငယ်အများစုသည် တစ်ဖက်နိုင်ငံသို့ သွားရောက် လုပ်ကိုင်သူများခြင်းကြောင့် အခက်အခဲများ ရှိနေမည်ဖြစ် ပါသည်။ |

## ဝကုန်းကျေးရွာ၏ ဖွံ့ဖြိုးရေးကွင်းဆက်- ပြဿနာများအား ဆန်းစစ်လေ့လာခြင်းမှသည် ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းနည်းဆီသို့

ဇယား (၄၅) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

| စဉ် | ပြဿနာ | အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက်အခြေ အနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| **ကဏ္ဍ - အဖွဲ့အစည်းဆိုင်ရာ** | | | | | | |
| ၁။ | • အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက် အားနည်းခြင်း | • စိတ်ပါဝင်စားမရှိခြင်း<br>• တိကျသည် ဦးဆောင်မှု၊ လမ်းညွှန်မှု မရခြင်း<br>• တာဝန်၊ ဝတ္တရားများ အတိုင်းလုပ်ဆောင်နိုင် စွမ်း အားနည်းခြင်း။ | • ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန မှသင်တန်းပို့ချနိုင်မည့် အဖွဲ့များနှင့်ဆက်သွယ် ပေးနိုင်ပါသည် | • ကျေးရွာလူထုသည် အစိုးရဌာနများနှင့် ဆက် သွယ်ဆောင်ရွက်သည့် အတွေ့အကြုံ နည်းပါး ခြင်း | • ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• ကျေးရွာဖွံ့ဖြိုးရေး ကော်မ တီ ဖွဲ့စည်းဆောင်ရွက်ခြင်း | ၁။ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲ မှုစွမ်းရည်များတိုးတက်ရေး<br>• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန နှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း<br>• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း<br>• အလုပ်အမှုဆောင်ကော်မတီများ ဖွဲ့စည်းခြင်း<br>• ခေါင်းဆောင်မှုနှင့် ငွေကြေး စီမံ ခန့်ခွဲမှု သင်တန်းများ စီစဉ်ခြင်း<br>• အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး သင်တန်းများ စီစဉ်ခြင်း |
| **ကဏ္ဍ - စိုက်ပျိုးရေးဆိုင်ရာ** | | | | | | |
| ၂။ | • စိုက်ပျိုးစရိတ်ချေးငွေ ရရှိနိုင်ရန်အတွက် ခြံမြေအမည်ပေါက် လိုအပ်နေခြင်း။ | • ဌာနဆိုင်ရာများနှင့်စနစ် တကျ ဆက်သွယ်နိုင်မှု မရှိခြင်း။<br>• ချေးငွေဝန်ဆောင်မှုပေး | • ဥယျာဉ်ခြံမြေ များစွာ ပိုင်ဆိုင်ခြင်း။ | • သက်ဆိုင်ရာကဏ္ဍ အလို က် ကော်မတီများမှ ဌာန ဆိုင်ရာအဖွဲ့အစည်းများ နှင့် ချိတ်ဆက် ဆောင် | • သက်ဆိုင်ရာကဏ္ဍ အလိုက် ကော်မတီများမှ ဌာနဆိုင်ရာ အဖွဲ့အစည်းများ နှင့် ချိတ် ဆက် ဆောင်ရွက်မှု အတွက် | ၂။ စိုက်ပျိုးထုတ်လုပ်ခြင်းမှ အကျိုးအမြတ် ပိုမိုရရှိလာရေး<br>• သီးနှံအထွက်တိုး နည်းပညာ သင်တန်းများ |

| စဉ် | ပြဿနာ | အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက်အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| | | နေသည့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် စပါးမှလွဲလျှင် အခြား သီးနှံများအတွက်မူဝါဒများ သတ်မှတ်မှုမရှိခြင်း။ | | ရှက်ရန် အတွေ့အကြုံမရှိခြင်း။ | အားထုတ်စေခြင်း။ | • ဈေးကွက်သဘောတရားနှင့် ပတ်သက်သော သင်တန်း<br>• မြေယာကော်မတီမှ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ |
| **ကဏ္ဍ - မွေးမြူရေးဆိုင်ရာ** | | | | | | |
| ၃။ | •အခါအားလျော်စွာ ကျရောက်သောကြက်ရောဂါများကြောင့်မွေးမြူသော တိရစ္ဆာန်များ ဆုံးရှုံးခြင်း။ | • အိမ်မွေးတိရစ္ဆာန်များတွင် ကျရောက်တတ်သော ရောဂါများကို ကြိုတင်ကာကွယ် ကုသရန် အသိပညာ ဗဟုသုတ နည်းပါးခြင်း။ | • သဘာဝ အလျောက် ကြက်စာ အလွယ်တကူ ရရှိနိုင်ခြင်း။ | • အဆင့်မြင့်မွေးမြူရေး နည်းစနစ်အားနည်းခြင်း။<br>• မွေးမြူရေးနည်းပညာဝန်ဆောင်မှု အကန့်အသတ်ရှိခြင်း။ | • နည်းပညာဝန်ဆောင်မှုနှင့် သင်တန်းများ ပံ့ပိုးပေးခြင်းဖြင့် မွေးမြူရေးထွက်ကုန် မြင့်မားစေခြင်း။ | ၃။စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ များပြားလာရေး<br>• မွေးမြူရေး နည်းပညာ ဝန်ဆောင်မှုနှင့် သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။ |
| **ကဏ္ဍ - စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သောလုပ်ငန်းများ** | | | | | | |
| ၄။ | • အလုပ်အကိုင် အခွင့်အလမ်း ရှားပါးခြင်း။ | • ပညာတတ်နည်းခြင်း။<br>• ဒေသနှင့်ကိုက်ညီသော ဝင်ငွေရအသက်မွေးဝမ်းကျောင်းပညာမရှိခြင်း။<br>• စက်ချုပ်၊ အိမ်တွင်းမှု မုန့်မျိုးစုံပြုလုပ်ခြင်း | • နည်းပညာများ သင်ယူလိုစိတ်ရှိခြင်း။<br>• ဈေးကွက်ရှိခြင်း။ | • စားသုံးသူဈေးကွက် မတည်ငြိမ်ခြင်း။<br>• ဒေသတွင်း သင်ကြားပေးနိုင်မည့် ပညာရှင်ရှားပါးခြင်း။ | • တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ရန် အတွက် သင်တန်းများ တက်ရောက်စေခြင်း။<br>• ဝန်ဆောင်မှု အသက်မွေးဝမ်းကျောင်း သင်တန်းများ တက်ရောက်စေခြင်း။ | ၄။ အလုပ်အကိုင် အခွင့်အလမ်းများပြားလာစေရေး<br>• အသက်မွေးဝမ်းကျောင်း သင်တန်းများ တက်ရောက်ရန် စီစဉ်ခြင်း။<br>• ဒေသထွက် သီးနှံများအား တာရှည်ခံနည်းပညာဖြင့် ထုတ်လုပ်မှု နည်းပညာများပေးခြင်း။<br>• ကားဝပ်ရှော့၊ ဝရိန်၊ ဆိုင်ကယ်ပြင်၊စက်ချုပ်၊မုန့်လုပ်နည်းပညာ သင်တန်းများပေးခြင်း |

| စဉ် | ပြဿနာ | အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက်အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| | | | | | | • အမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်လုပ်ဆောင်ခြင်း။<br>• အစုအဖွဲ့နှင့် လုပ်ဆောင်သည့် လုပ်ငန်းများကို ပျိုးထောင်ပေးခြင်း၊ |
| **ကဏ္ဍ - ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း** | | | | | | |
| ၅။ | • အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ အတွက် အတိုးနှုန်း မြင့်မားခြင်း | • ပုဂ္ဂလိက လုပ်ငန်းရှင်များတွင် အတိုးနှုန်းကြီးစွားဖြင့် ချေးငွေရယူရခြင်း၊<br>• အစိုးရဘဏ်များမှ သီးနှံထုတ်ချေးငွေများ မရရှိခြင်း | • သမဝါယမအသင်း အဖွဲ့များထူထောင် နိုင်ခြင်း၊<br>• ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းထံမှ အကြံဉာဏ်များရယူနိုင်ခြင်း | • နိုင်ငံတော်အစိုးရတွင် နှစ်ရှည်ပင် ချေးငွေများနှင့် ပက်သက်၍ မူဝါဒ မရှိသေးခြင်း၊<br>• အစုအဖွဲ့ဖြင့် လုပ်ကိုင်တတ်သည့် အလေ့အထများမရှိခြင်း။ | • ချေးငွေဝန်ဆောင်မှု အဖွဲ့များနှင့်ချိတ်ဆက်ခြင်း။ | ၅။ လုံလောက်သော ချေးငွေပမာဏအား သင့်တင့်သောအတိုးနှုန်းဖြင့် ကာလရှည်ချေးငွေပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး<br>• အသက်မွေးဝမ်းကျောင်းလုပ်ငန်းပေါ်မူတည်၍ ထုတ်ချေးပေးနိုင်မည့်ချေးငွေ ဌာနများနှင့် ချိတ်ဆက်ခြင်း<br>• ချေးငွေအတွက် လိုအပ်သော အထောက်အထားများပြင်ဆင်ခြင်း |
| **ကဏ္ဍ - ပညာရေးဆိုင်ရာ** | | | | | | |
| ၆။ | • ကျောင်းပရိဘောဂများမပြည့်စုံခြင်း။<br>• ဆရာ/ ဆရာမ မလုံလောက်ခြင်း။ | • ကျောင်းသားဦးရေများလာခြင်း။<br>• အထောက်အပံ့ပစ္စည်းနည်းပါးလာခြင်း။ | • ပညာရေးဌာနတွင်ဘတ်ဂျက်လျှာထားချက်များရှိနေခြင်း။<br>• ကျောင်းကော်မတီ စနစ်တကျဖွဲ့စည်းပြီးဖြစ်ခြင်း | • ကျေးရွာလူထု ပရိဘောဂပြုလုပ်ရန် နည်းပညာမကျွမ်းကျင်ခြင်း။ | • ကျောင်းကော်မတီမှမြို့နယ်ပညာရေးဦးစီးဌါနနှင့် ချိတ်ဆက်ပြီး တင်ပြ ဆွေးနွေးစေခြင်း။ | ၆။ ကျေးရွာ၏ပညာရေးကဏ္ဍတိုးတက်လာရေး<br>• မိဘဆရာအသင်းမှ ပြင်ပ အလှူရှင်များ၊ ပညာရေး ဦးစီးဌာနနှင့် ဆက်သွယ်ခြင်း။ |

| စဉ် | ပြဿနာ | အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက်အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| | | | | | | • ကျောင်းပရိဘောဂများပြုလုပ်ဖြည့်တင်းခြင်း<br>• ပညာရေးဦးစီးဌာနထံသို့ ကျောင်းဆရာ/ဆရာမ ထပ်မံခန့်ထားရေးတင်ပြ တောင်းခံခြင်း။ |
| **ကဏ္ဍ- ကျန်းမာရေးဆိုင်ရာ** | | | | | | |
| ၇။ | • ကျန်းမာရေးဆိုင်ရာ ဗဟုသုတ အားနည်းခြင်း။<br>• ကျေးလက်ကျန်းမာရေးဆေးခန်း (ခွဲ) တွင်ဆေးကုသရန် အားနည်းခြင်း။ | • အရေးပေါ်ကျန်းမာရေး အတွက်လုံခြုံစိတ်ချရမှု မရှိခြင်း။<br>• ကျန်းမာရေးဆိုင်ရာ အမြင်ဖွင့် သင်တန်းများ မရှိခြင်း။<br>• ဆေးပေးခန်းသုံး ပစ္စည်းများ လုံလောက်မှု မရှိခြင်း။ | • ကျေးရွာတွင် ကျန်းမာရေး နည်းပညာများ သင်ယူလိုစိတ် ရှိခြင်း။ | • ကျန်းမာရေးဦးစီးဌာနနှင့် ဆက်သွယ်မှု အလှမ်းဝေးနေခြင်း။ | • ကျန်းမာရေးဆိုင်ရာ ဗဟုသုတရစေမည့် အသိပညာပေးဟောပြောပွဲများ၊သင်တန်းမျ ား တောင်းခံ ပြုလုပ်စေခြင်း။<br>• ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ဆောင်ရွက်တင်ပြ စေခြင်း။ | ၇။ ကျန်းမာရေးအသိပညာများ လက်ခံကျင့်သုံးလာရေးနှင့် ဝန်ဆောင်မှုများ တိုးတက်ရရှိလာရေး<br>• ကျန်းမာရေးဆိုင်ရာ ဗဟုသုတရစေမည့် အသိပညာပေးဟောပြောပွဲများ စီစဉ် ဆောင်ရွက်ခြင်း။<br>• ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ အထောက်အကူပြုပစ္စည်းများတောင်းခံ တင်ပြစေခြင်း။ |
| **ကဏ္ဍ - အခြေခံအဆောက်အဦဆိုင်ရာ** | | | | | | |
| ၈။ | • တစ်နှစ်ပတ်လုံး သွားလာမှုအတွက်ခက်ခဲခြင်း (ကျောင်းသွား ခြင်း၊ | • မိုးများသောဒေသဖြစ်ပြီး မြေသားလမ်းဖြစ်သောကြောင့် ရေတိုက်စားပြီး | • ကျေးရွာမှ လမ်းခင်းရန် ဆန္ဒပြင်းပြခြင်း။ | • ကျေးရွာလူထု လမ်းခင်းရန်အတွေ့အကြုံမရှိခြင်း။<br>• နည်းပညာနှင့် ငွေကြေး | • ရေနုတ်မြောင်းတူးဖော်ခြင်း။<br>• လမ်းတံတားထိန်းသိမ်းရေး လုပ်ငန်းများပြုလုပ်စေခြင်း။ | ၈။ ကျေးရွာ၏ အခြေခံ အဆောက်အဦးဆိုင်ရာ ကဏ္ဍ တိုးတက်ကောင်းမွန်လာရေး |

| စဉ် | ပြဿနာ | အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက်အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| | ထွက်ကုန်သယ်ယူပို့ဆောင်ခြင်း) | လမ်းပျက်စီးခြင်း။ | | လိုအပ်နေခြင်း။ | • သံကူကွန်ကရစ်တံတားများ တည်ဆောက်စေခြင်း။<br>• ကျောက်ချောလမ်းခင်းခြင်း။ | • သံကူကွန်ကရစ်တံတား (၃) စင်း တည်ဆောက်ခြင်း။<br>• ကျေးရွာတွင်းကျောက်ချောလမ်း (၅) မိုင် ခင်းခြင်း။ |
| **ကဏ္ဍ - လျှပ်စစ်ဓာတ်အားသုံးစွဲရေး** | | | | | | |
| ၉။ | • လျှပ်စစ်မီးမရှိခြင်း။ | • အိမ်ထောင်စုအများစု သည် ဆင်းရဲခြင်း။<br>• အရင်းအနှီးရှိသူ အချို့မှလည်း လုံလောက်သော ငွေကြေး မစိုက်ထုတ်နိုင်ခြင်း။ | • ကျေးရွာမှ မီးလင်းရန် ဆန္ဒပြင်းပြခြင်း။ | • ကျေးရွာသားများအနေဖြင့် ကိုယ်ထူကိုယ်ထ ဆိုလာမီး တပ်ဆင်ရန် ငွေကြေး မတတ်နိုင်ခြင်း။ | • ကျေးရွာမီးလင်းရေးကော်မတီ ဖွဲ့စည်းစေရန်။<br>• ကျေးရွာမှကိုယ်ထူကိုယ်ထ မီးလင်းရေးလုပ်ဆောင်စေရန်။<br>• အစိုးရဌာန နှင့် ချိတ်ဆက်တောင်းဆိုစေရန်။ | ၉။ ကျေးရွာမီးလင်းရေး အတွက် လုပ်ငန်း အကောင်အထည်ဖော်ခြင်း နှင့် ရေရှည်လည်ပတ်ရန်<br>• ကျေးရွာအိမ်စေ့ ဆိုလာ မီးလင်းရေး အကောင်အထည်ဖော်ခြင်း။ |
| **ကဏ္ဍ - လူငယ်ဆိုင်ရာ** | | | | | | |
| ၁၀ | • ကျေးရွာတွင်းရှိ လူငယ်များ အထွေထွေ ဗဟုသုတ အားနည်းခြင်း။ | • လေ့လာသင်ယူမှု အားနည်းခြင်း။<br>• ကျေးရွာတွင် လေ့လာသင်ယူနိုင်သော နေရာ မရှိခြင်း။ | • ကျေးရွာမှ လူငယ်များမှာ သင်ယူလိုစိတ်ရှိခြင်း။ | • နည်းပညာနှင့် ငွေကြေး လိုအပ်နေခြင်း။ | • ကျေးရွာတွင်လေ့လာ သင်ယူနိုင်သောနေရာ ဖန်တီးပေးခြင်း။ | ၁၀။ လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး<br>• ကျေးရွာ လေ့လာသင်ယူရေး စင်တာ / စာကြည့်တိုက် ထူထောင်ခြင်း။ |

# ကိုးကားစာရင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၅၊ မေ၊

၂။ ထားဝယ်မြို့နယ်၊ ဝကုန်းကျေးရွာတွင် ၂၀၁၅ ဩဂုတ်လတွင် ကျင်းပခဲ့သော ကျေးရွာ အခြေ အနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှ မှတ်စုများ၊

၃။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာ ရည်ညွှန်းမှတ်တမ်းစာအုပ်၊

# အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)**

| |
|---|
| ကျေးရွာ - <br> ကျေးရွာအုပ်စု - <br> မြို့နယ် - <br> တိုင်းဒေသကြီး / ပြည်နယ် - |
| စီမံချက်အမည် - |
| စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ |
| စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) |
| မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ) |
| စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) |
| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု |

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • …………………….(ငွေသား) | • ကျေးလက်ဦးစီး |
| • ……………………..(ငွေသား) | • ကျေးရွာ |
| • ………………………(ပစ္စည်း/လုပ်အား) | • ကျေးရွာ |
| • | • |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | | | | | | | | |
| အကျိုးခံစားမည့် ဦးရေ | | | | | | | | |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)၊ အကောင်ထည်ဖော်မည့်စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ငှား) |
| (၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း |
| (၃) စီမံချက်ပြီးစီးမည့်အချိန် |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ |